မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်းကထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ နယုန်လဆန်း ၆ ရက်၊ ၂၀၁၁ ခုနှစ်၊ ဇွန် ၇ ရက်၊ အင်္ဂါနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၄၅)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
* ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်ထောင်စုလွှတ်တော် နာယက ဦးခင်အောင်မြင့်

ဂျာမန်လူ့အခွင့်အရေးမူဝါဒနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကော်မရှင်နာအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၆

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်သည် ဂျာမန်လူ့အခွင့်အရေးမူဝါဒနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကော်မရှင်နာ **H. E. Mr. Markus Loning** အား ယနေ့ မွန်းလွဲ ၂ နာရီ ၃၅ မိနစ်တွင် နေပြည်တော်လွှတ်တော်အဆောက်အအုံရှိ ဇမ္ဗူသီရိအစည်းအဝေးခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။



ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ဂျာမန်လူ့အခွင့်အရေးမူဝါဒနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကော်မရှင်နာ **H. E. Mr. Markus Loning** အား နေပြည်တော်လွှတ်တော်အဆောက်အအုံရှိ ဇမ္ဗူသီရိအစည်းအဝေးခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော် နာယက ဦးခင်အောင်မြင့်နှင့်အတူ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးမြညိမ်း၊ ပြည်ထောင်စုလွှတ်တော်ရှိ ပါတီပေါင်းစုံ၊ တိုင်းရင်းသားလူမျိုးပေါင်းစုံ ပါဝင်သော လွှတ်တော်ကော်မတီဝင်များနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဂျာမန် လူ့အခွင့်အရေးမူဝါဒနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကော်မရှင်နာ H. E. Mr. Markus Loning နှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ သံအမတ်ကြီး H. E. Mr. Julius Georg Luy လည်း တက်ရောက်သည်။

(သတင်းစဉ်)

ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ရေး ဦးတည်ချက်များသည် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်၏ လုပ်ငန်းစဉ်များနှင့်ကိုက်ညီ

မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှု သိသာစွာလျှော့နည်းလာသည်ကို တွေ့ရှိရ

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း အိမ်ထောင်စုစားဝတ်နေရေးအခြေအနေ ဘက်စုံလေ့လာမှု စစ်တမ်း(၂၀၁၀) တွေ့ရှိချက်များဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

နေပြည်တော် ဇွန် ၆

အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန စီမံကိန်းရေးဆွဲရေးဦးစီးဌာနနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(ယူအန်ဒီပီ)၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (ယူနီဆက်)နှင့် ဆွီဒင်အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (Sida) တို့ ပူးပေါင်းဆောင်ရွက်ခဲ့သည့် အိမ်ထောင်စုစားဝတ်နေရေး အခြေအနေ ဘက်စုံလေ့လာမှု စစ်တမ်း (၂၀၁၀) တွေ့ရှိချက်များဆိုင်ရာ အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ၌ကျင်းပရာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးတင်နိုင်သိန်း တက်ရောက် အမှာစကားပြောကြားသည်။

ကိုက်ညီ

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက အဖွင့်အမှာစကား ပြောကြားရာတွင် လွန်ခဲ့သောနှစ်ပတ်က နိုင်ငံတော်မှ ကျင်းပခဲ့သည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ကျရေး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ၏ ကျေးလက်ဖွံ့ဖြိုးရေးအစီအစဉ်များ ဆောင်ရွက်ခြင်းဖြင့် ဆင်းရဲနွမ်းပါးမှု လျှော့ကျနိုင်ရေး ဦးတည်ချက်များသည်

စာမျက်နှာ ၈ ကော်လံ ၁ ❖

မိုးရွာသွန်းမှုများ

၆-၆-၂၀၁၁

နေပြည်တော်(ရေဆင်း)	၂ ဒသမ ၂၉ လက်မ
မြောက်ဦးမြို့	၃ ဒသမ ၅၀ လက်မ
လောင်းလုံမြို့	၂ ဒသမ ၉၅ လက်မ
သထုံမြို့	၂ ဒသမ ၇၆ လက်မ
တောင်ငူမြို့	၂ ဒသမ ၄၄ လက်မ
ဂန့်ဂေါမြို့	၂ ဒသမ ၀၅ လက်မ

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဇွန် ၇ ရက်)

ရထားလမ်းများ သားစဉ်မြေးဆက် အသုံးပြုနိုင်ရေး ထိန်းသိမ်းစောင့်ရှောက်

နိုင်ငံတကာ၌ တိုးတက်လာသောနည်းပညာသစ်များနှင့်အတူ သယ်ယူပို့ဆောင်ရေးကဏ္ဍသစ်များ တိုးတက်ပြောင်းလဲလာခဲ့သည်။ ယင်းတို့အနက် ရထားပို့ဆောင်ရေးလုပ်ငန်းသည် ယနေ့အထိ အားထား နေရသော ဝန်ဆောင်မှုလုပ်ငန်း တစ်ရပ်ဖြစ်သည်။

လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတော် အစိုးရက တနင်္သာရီတိုင်းဒေသကြီး၌ ရန်ကုန်-မော်လမြိုင်-ရေး-ထားဝယ်-မြိတ် ကားလမ်းမကြီးကို အထင်ကရ ဖောက်လုပ်ပေးခဲ့သည်။ ယင်းလမ်းမကြီးဖြတ်သန်းရာ နယ်မြေအသီးသီးကို ကားဖြင့် ဆက်စပ် သွားလာနိုင်ခဲ့ပြီး ရထားလမ်းအနေဖြင့် မွန်ပြည်နယ် မော်လမြိုင်မြို့မှ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ အထိ ဖောက်လုပ်ပေးခဲ့ပြီး ဖြစ်သည်။ ထားဝယ်မြို့မှ မြိတ်မြို့သို့ သွားလာနိုင်ရန်လည်း ဖောက်လုပ် လျက်ရှိသည်။

ယခုအခါ ထားဝယ်-မြိတ် ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၏ ထားဝယ်-သရက်ချောင်း ရထား လမ်းပိုင်းကို ဇွန်လ ၄ ရက်နေ့က ဖွင့်လှစ်နိုင်ခဲ့သည်။ ယင်းရထားလမ်းပိုင်းသည် လမ်းပိုင်းအရှည် ၁၉ ဒသမ ၃၁ မိုင်ရှိသည်။ ထားဝယ်-သရက်ချောင်းရထားလမ်းပိုင်းတွင် ပေ ၁၈၀ အထက် တံတားနှစ်စင်းနှင့် ပေ ၁၈၀ အောက် တံတား ၆၃ စင်းပါရှိသည်။ ထားဝယ်-မြိတ် ရထားလမ်းပိုင်းတွင် ပထမဦးဆုံး ဖောက်လုပ်ဖွင့်လှစ်ပေးသည့် လမ်းပိုင်းဖြစ်သည်။

ထားဝယ်-မြိတ် ရထားလမ်းမကြီး ပြီးစီးပါက မြိတ်မြို့မှ မွန်ပြည်နယ် မော်လမြိုင်မြို့၊ ပဲခူးတိုင်းဒေသ ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး နယ်မြေများကို ဖြတ်ကျော်၍ မြန်မာနိုင်ငံ တစ်နံတစ်လျား အရှေ့အနောက်၊ တောင်မြောက်သို့ မီးရထားဖြင့်သွားလာနိုင်ကြမည်ဖြစ်သည်။

ရထားဖြင့် သွားလာခြင်းသည် စရိတ်စကသက်သာပြီး ကုန်ပစ္စည်းများကို များများသယ်ယူ ပို့ဆောင်နိုင်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက ရထားလမ်းများ ပိုမိုတိုးတက်ကောင်းမွန်ရန် ပြုပြင်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ရထားလမ်းသစ်များ တိုးချဲ့ဖောက်လုပ်ပေးခြင်း၊ လူစီးတွဲနှင့် ကုန်တွဲများကို ကုန်ကျစရိတ် သက်သာစွာဖြင့် ပြည်တွင်း၌ ထုတ်လုပ်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

ရထားလမ်းများကို နိုင်ငံအဝန်းကွန်ရက်သဖွယ် လက်ယှက်ထိုး ဆက်သွယ်ဖောက်လုပ်ပေးလျက်ရှိ ခြင်းဖြင့် တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့်အတူ လူမှုစီးပွားဘဝ ပိုမိုတိုးတက်ခိုင်မာလာ သည်ဖြစ်ရာ ရထားလမ်းများ သားစဉ်မြေးဆက်အသုံးပြုနိုင်ရေး ထိန်းသိမ်းစောင့်ရှောက်သွားကြရန် ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။



အင်း တင်ဒါချက်များ မြောင်းမြခရိုင်၌ လေလံတင်ရောင်းချ

မြောင်းမြ ဇွန် ၆

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်အတွင်းရှိ အင်း တင်ဒါချက်များ အား ပထမအကြိမ် လေလံတင်ရောင်းချပွဲကို မေ ၂၉ ရက် နံနက် ၁၁ နာရီခွဲက မြောင်းမြမြို့ မြရွှေဝါခန်းမ၌ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး အစိုးရ အဖွဲ့ဝင် စီမံ/ စီးပွားဝန်ကြီးဌာနဝန်ကြီး ဦးတင်စိုးက အမှာစကား ပြောကြားပြီး ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန တိုင်းဦးစီးဌာနမှူး ဦးကျော်မင်းက အင်း တင်ဒါချက်များ၏ လေလံစည်းကမ်းချက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။**(အပေါ်ပုံ)**

ထို့နောက် မြောင်းမြခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမင်းနောင် ခေါင်းဆောင်သော အင်း တင်ဒါချက် လေလံတင်ရောင်းချရေးအဖွဲ့က ၂၀၁၁-၂၀၁၂ ခရိုင်အတွင်းရှိ အင်း တင်ဒါချက်များကို လေလံတင်ရောင်းချခဲ့ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

ပန်းအလှပင်များပုံဖော်

ဖျာပုံမြို့နယ် အမာမြို့အဝင် နေသူရိန်လမ်းမကြီး လမ်းဘေး ဝဲ၊ ယာ သန့်ရှင်းသာယာလှပ ရေးအတွက် မေ ၁၄ ရက်က မြို့တာဝန်ခံ ဒုတိယ ဦးစီးမှူး ဦးကျော်ကျော်နိုင် ကြီးကြပ်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ မြက်များရှင်းခြင်း နှင့် ပန်းအလှပင်များ ပုံဖော်ခြင်း ဆောင်ရွက်ကြစဉ်။ (ဝဖဖ)

ပေးအပ်လှူဒါန်း

မြောက်ဥက္ကလာပမြို့နယ် (ခ) ရပ်ကွက် အမှတ် (၁၂) နေ ဆရာ ဦးခင်ဇော် (မြန်မာ့ရိုးရာ နဝင်းစီး ပညာရှင်)-ဒေါ်စန်းညွန့်၊ သမီး ဒေါက်တာ တတိုင်းမွေး (ကထိက၊ သမိုင်းဌာန)တို့က ထာဝရ ဆေး ပဒေသာပင်အတွက် ငွေကျပ် တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွား ရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက် ဘဏ္ဍာရေးမှူး ဦးချစ်မြိုင်ထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲ သည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီး သည်။

* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဘားအံမြို့ရှိ အခြေခံပညာကျောင်းများနှင့် ပညာရေးကောလိပ် ကရင်ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၆

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းသည် ဇွန် ၂ ရက် နံနက် ၁၁ နာရီခွဲက ဘားအံမြို့ အမှတ်(၁)၊ အမှတ်(၆)နှင့် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းများသို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများ စာသင်ကြားနေမှုကို ကြည့်ရှုအားပေးပြီး လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆရာ ဆရာမများက အရည်အချင်းပြည့်ဝသူများ မွေးထုတ်ပေးရန် မှာကြားသည်။

ကြည့်ရှုအားပေး

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ပညာရေးကောလိပ်(ဘားအံ)သို့ ဆက်လက်သွားရောက်၍ လုပ်ငန်းခွင် အကြို ဆရာအတတ်သင်ပညာ ကျွမ်းကျင်မှုဒီပလိုမာသင်တန်း အနီးကပ်သင်တန်းဖွင့်လှစ်ပို့ချနေမှုကို ကြည့်ရှုအားပေး သည်။

အဆိုပါ သင်တန်း၌ သင်တန်းသား သင်တန်းသူ ၂၂၈ဦး တက်ရောက်လျက်ရှိပြီး ကရင်ပြည်နယ် အစိုးရအဖွဲ့က ဆန်၊ ကုလားပဲ၊ စားသုံးဆီနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကော့မှူးမြို့နယ်၌ ပညာသင်စရိတ်ထောက်ပံ့

ကော့မှူး ဇွန် ၆

ကော့မှူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများ အား ပညာသင်စရိတ်နှင့် စာအုပ်၊ စာရေးကိရိယာများ ထောက်ပံ့ပေးအပ်သည့် အခမ်းအနားကို မေ ၃၁ ရက် မွန်းလွဲ ၂ နာရီက ကော့မှူးမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထောက်ပံ့ပေးအပ်

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်းက ဝန်ထမ်း သားသမီး ၁၆ ဦးအတွက် ငွေကျပ်လေးသိန်းကျော် တန်ဖိုးရှိ စာအုပ်၊ စာရေး ကိရိယာနှင့် ကျောင်းဝတ်စုံများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)

သစ်တောသစ်ပင်
ဒို့ချစ်ခင်
နှစ်စဉ်စိုက်ပျိုး
အလှတိုး

ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား ကိုရီးယားသမ္မတနိုင်ငံမှ ဒုတိယဝန်ကြီးနှင့်အဖွဲ့ တွေ့ဆုံ

နေပြည်တော် ဇွန် ၆

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား ကိုရီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ်ရုံး စီမံအုပ်ချုပ်ရေးရာဌာန(၁)မှ ဒုတိယဝန်ကြီး H.E. Mr. Hong Yun Sik နှင့် အဖွဲ့သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ (ဓါတ်ပုံ)

ဆွေးနွေး

ထိုသို့ တွေ့ဆုံရာ၌ သတ္တုတူးဖော်ထုတ်လုပ်မှုဆိုင်ရာ ကိစ္စများတွင် နှစ်နိုင်ငံ နည်းပညာရပ်ဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ရေး၊ သတ္တုထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စများကို ရင်းနှီးခင်မင်စွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ၂၀၁၁–၂၀၁၂ ပညာသင်နှစ် သင်တန်းများဖွင့်ပွဲကျင်းပ

နေပြည်တော် ဇွန် ၆

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၏ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်၌ ဖွင့်လှစ်မည့် ပညာရေးဘွဲ့ တစ်နှစ် သင်တန်း အမှတ်စဉ်(၂၁)နှင့် အလယ်တန်းဆရာ အတတ်သင်တန်း အမှတ်စဉ် (၂၁) ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် တက္ကသိုလ်ဘွဲ့နှင်းခန်းမ၌ ကျင်းပသည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးသာအေး၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးစိုးဦး၊ တက္ကသိုလ်စီမံခန့်ခွဲရေး အဖွဲ့ဝင်များ၊ တက္ကသိုလ်ပညာရေး အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်များ၊ ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးက သင်တန်းဖွင့် အမှာစကား ပြောကြားပြီး ပါမောက္ခချုပ် ဦးဇော်မင်းသိန်းက သင်တန်းနှင့် စပ်လျဉ်းသော အစီရင်ခံစာကို တင်သွင်းသည်။ ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ၂၀၁၀-၂၀၁၁ ပညာသင်နှစ် စံပြတပ်ခွဲဆုရ အလောင်းဘုရား တပ်ခွဲအား ဆုချီးမြှင့်ပြီး တက္ကသိုလ်၏ အုပ်ချုပ်မှု ကိစ္စရပ်များအတွက် အလှူငွေကျပ် တစ်ဆယ့်နှစ်သိန်းကို ပေးအပ်လှူဒါန်းသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တက္ကသိုလ်၏ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် မဟာပညာရေးဘွဲ့ ဒုတိယနှစ် သင်တန်းသို့ ၁၂ ဦး၊ ပညာရေးဘွဲ့ တစ်နှစ်သင်တန်းသို့ ၁၁၁ ဦး၊ ပညာရေးဘွဲ့ (ပေါင်းကူး) ဒုတိယနှစ် သင်တန်းသို့ ၂၄ ဦး၊ အလယ်တန်း ဆရာအတတ်သင်တန်းသို့ ၁၀ ဦးနှင့် ပညာရေးဘွဲ့ လေးနှစ်သင်တန်း အမှတ်စဉ်(၄၃) စတုတ္ထနှစ်သင်တန်းသို့ ၂၄၅ ဦး စုစုပေါင်း သင်တန်းသား သင်တန်းသူ ၄၀၂ ဦးတို့ တက်ရောက် သင်ယူကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးသာအေး ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၏ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်၌ ဖွင့်လှစ်မည့် ပညာရေးဘွဲ့တစ်နှစ်သင်တန်း အမှတ်စဉ် (၂၁)နှင့် အလယ်တန်းဆရာအတတ်သင်တန်း အမှတ်စဉ်(၂၁)ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ တောင်ကြီးမြို့၌ ကျင်းပ

နေပြည်တော် ဇွန် ၆

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့နှင့် အပြည်ပြည်ဆိုင်ရာ သစ်တောများနှစ် အထိမ်းအမှတ် ၂၀၁၁ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီတွင် တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက် ရွှေပါရမီတောရကျောင်းအနီး တောင်ကုန်းပေါ်၌ ကျင်းပရာ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က စိုက်ပျိုးမည့် ပျိုးပင်များကို တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက် ကိုယ်စားလှယ်များထံ ပေးအပ်သည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ရေတမာ၊ ခါတော်မီ၊ ချယ်ရီ၊ ထင်းရှူးနှင့် ရေသင်းဝင်သစ်ပင်များကို စုပေါင်းစိုက်ပျိုးပေးကြပြီး မိုးရာသီ သစ်ပင်စိုက်ပျိုးနေမှု အခြေအနေကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ ၂၀၁၁ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ခါတော်မီ၊ ချယ်ရီ၊ ထင်းရှူး၊ ရေသင်းဝင်၊ ရေတမာ၊ ပနားမားငုနှင့် စိန်ပန်းပြာစသည့် ပျိုးပင်ပေါင်း(၆၀၂၅)ပင်ကို စိုက်ပျိုးကြသည်။

ဖွင့်လှစ်ပေး

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် ရေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာန ယဉ်ကျေးမှုပြတိုက် တောင်ကြီးမြို့၌ ကျင်းပသည့် "ဒို့ချစ်တဲ့ကမ္ဘာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပညာပေးပွဲ"သို့ တက်ရောက်၍ အခမ်းအနားကို ဖွင့်လှစ်ပေးပြီးပြခန်းအတွင်း လှည့်လည် ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ယဉ်ကျေးမှုပြတိုက် ပျိုးဥယျာဉ်၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ချယ်ရီပင် မျိုးစေ့များကို စိုက်ပျိုးပေးကြသည်။

ပြသ

အဆိုပါ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပညာပေးပြပွဲကို ဇွန် ၅ ရက်မှ ၁၁ ရက်အထိ ရက်သတ္တတစ်ပတ်ကြာ ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထောက်ပံ့ငွေပေးအပ်

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး ဝန်ထမ်းမိသားစုများ၏ ပညာသင်စရိတ်ထောက်ပံ့ငွေနှင့် ဝန်ထမ်းတူညီဝတ်စုံစရိတ် ပေးအပ်ပွဲကို မေ ၃၁ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဌေးကျော်က ဝန်ထမ်းသားသမီး တစ်ဦးအား ထောက်ပံ့ငွေပေးအပ်စဉ်။ (မြို့နယ် ထွေ/အုပ်)

ရေစီးရေလာကောင်းမွန်ရေး ကျုံပျော်၌ ဆောင်ရွက်

ကျုံပျော် ဇွန် ၆

ကျုံပျော်မြို့နယ်အတွင်း ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ဗိုလ်ချုပ်လမ်းတွင် ရေနုတ်မြောင်းကွန်ကရစ်ခင်း ပြုပြင်နေမှုကို မေ ၂၁ ရက်က အမှုဆောင်အရာရှိ ဦးသန့်ဇင်သိန်းနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးသန်းထွန်းတို့ ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(ကျုံပျော်စည်ပင်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၇-၆-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+မေတ္တာသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ **ဗုဒ္ဓဘာသာအစသရဏာဂုံက** တရားတော် (ဆရာတော် အရှင်အာစာရ)
- ၆:၃၅ စွယ်တော်လေးဆု ဆုပန်ယူ
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၂၇)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၈၅)
- ၈:၅၀ ရောင်စုံပန်းတို့ အလှခြယ်ရာ… ကမ်းလင့်မေတ္တာဖေးကူပါ…
- ၉:၀၅ Activities in The City [အ·ထ·က(၄) တာမွေ၏ မြတ်ဆရာပူဇော်ပွဲ]
- ၉:၁၅ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၏ ပထမအကြိမ် နည်းပညာဆိုင်ရာ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ
- ၉:၃၅ Cartoon Show Time(RIO)
- ၁၀:၁၅ နိုင်ငံခြားတွင် ပညာသင်ကြားရေး အတွက် အထောက်အကူပြုမည့် STUDY ABROAD
- ၁၀:၃၅ Celebrity Style (Bambino)
- ၁၀:၀၀ International Show Biz
- ၁၁:၁၅ တွယ်တာရဲ့တွယ်တာ
- ၁၁:၃၅ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂:၀၀ သင်ကြားရေးလမ်းညွှန် Management Development Institute of Singapore
- ၁၂:၃၀ သိန်းနီမြို့မှ ထူးခြားလှတဲ့ သာသနာ့အမွေ
- ၁:၀၀ **ဗုဒ္ဓဘာသာအစသရဏာဂုံက** တရားတော် (ဆရာတော် အရှင်အာစာရ)
- ၁:၄၅ အံ့ဖွယ်တစ်မူ **ဆဒ္ဒါန်ဂူ**
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ ရန်ကုန်မြင်ကွင်းကျယ် (Myanmar Search International ပညာရေးဝန်ဆောင်မှု၏ Taylor's University Open Day)
- ၂:၅၀ မြန်မာ့တိုင်းရင်းဆေးပြပွဲ ဂုဏ်ဒြပ်ကိုဖော်ဆောင်မည့် ရက္ခမူလ
- ၃:၀၀ GANO Excel Myanmar၏ နှစ်ပတ်လည်ဂုဏ်ပြုအခမ်းအနား
- ၃:၁၅ ရက်ကုန်မြင်ကွင်းကျယ် (World Center Point Co., Ltd. ၏ ကုန်ပစ္စည်းသစ်မိတ်ဆက်ပွဲ)
- ၃:၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၂၇)
- ၄:၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၈၅)
- ၅:၀၀ The Champion of Dance
- ၅:၄၀ Appcton Dream Win ကံထူးရှင်ရွေးချယ်ပွဲအခမ်းအနား
- ၅:၅၀ ရန်ကုန်မြင်ကွင်းကျယ် (Switch On Swatch)
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ ကျောင်းဖွင့်ချိန်
- ၆:၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၂၈)
- ၇:၂၀ Celebrity Choice (ကျော်ကျော်ဗို)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ အနုပညာမိုးကောင်းကင်
- ၈:၅၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၈၆)
- ၁၀:၂၀ MRTV-4 ကျန်းမာရေးကဏ္ဍ (ဆီးချိုမျက်စိရောဂါအကြောင်း သိကောင်းစရာ)
- ၁၀:၅၅ သဒ္ဒါကြည်ဖြူ ကုသိုလ်ယူ ဘီတွတ်ရွာမှ မြတ်သောအလှူ
- ၁၁:၂၀ World of Knowledge (Downed Pilot)
- ၁၂:၀၅ Rainforest Homeland (အပိုင်း-၂)
- ၁၂:၃၀ လှပချစ်စရာ လက်မှုအနုပညာ (Love Flower)
- ၁၂:၅၅ ကြည်လင်တောက်ပြောင်မှုနှင့် ထပ်တူ
- ၁:၀၅ Shooting Location (ဓီဇဝါခြံ)
- ၁:၂၅ စိန်တို့ရဲ့ ကမ္ဘာ့စိန်ဧကရာဇ်ပါ
- ၁:၃၅ ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (သူရိန်မောင်မောင်)
- ၁:၅၅ အက်စစ်မိုး- Acid Rain (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာသန်းထွဋ်)
- ၂:၃၅ **အလျော်အစား** ဇင်ဝိုင်း၊ ငွေစင်သွန်း၊ ခင်သန်းနွယ် (ဒါရိုက်တာ-ကျော်ဇောလင်း)
- ၂:၄၅ ထာဝရအမှတ်ရစရာ ရွှေပြားပုံရိပ်လွှာ
- ၃:၁၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄:၁၀ **ဘယ်သူ့ကိုအချစ်ဆုံးလဲ** တေဇ၊ ခိုင်ပွင့်၊ မင်းသူ၊ ထွန်းထွန်းအောင်၊ မေသန်းနု၊ ဖိုးသောကြာ၊ ပပဝင်းခင် [(ဒါရိုက်တာ-အောင်မိုး (ပဲရစ်)]
- ၄:၂၅ မြေကြီးကရွှေသီးဖို့ ရေထိန်းသဘာဝဂျယ်ကိုသုံးကြစို့
- ၄:၃၅ Smart Dictionary အကြောင်း သိကောင်းစရာ
- ၄:၅၀ ဓနုဖြူမြို့ရဲ့ အထင်ကရ နေရာများဆီသို့ အလည်တစ်ခေါက်

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်အား ဖိလစ်ပိုင်နှင့် ဂျပန်သံအမတ်ကြီးတို့ သီးခြားစီလာရောက်တွေ့ဆုံ

ရန်ကုန် ဇွန် ၆

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Maria Hellan M. Barbar သည် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

အလားတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H. E. Mr. Takashi SAITO သည် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လာရောက်တွေ့ဆုံ

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေအား ပြည်ထောင်စု သမ္မတ မြန်မာ နိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင် သမ္မတနိုင်ငံသံအမတ်ကြီး H.E. Ms. Maria Hellan M. Barbar လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပညာသင်စရိတ်နှင့် ကျောင်းသုံးစာရေးကိရိယာများ အမြို့မြို့ အနယ်နယ်တွင် ထောက်ပံ့ပေးအပ်

မရမ်းကုန်းမြို့နယ်၏ ကျောင်းနေရွယ်ကလေးများ ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၃၀ ရက်က အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ အလှူရှင်များ၏ လှူဒါန်းငွေနှင့် ကျောင်းသုံးစာရေးကိရိယာများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးတင်မိုး လက်ခံယူစဉ်။ (မြို့နယ် ထွေ/အုပ်)

ဝါးခယ်မမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ဝန်ထမ်းသား သမီးများအား ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ပွဲကို မေ ၃၁ ရက်က ရွှေခယ်သီရိအားကစားခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးထွန်းက ကျောင်းသား ကျောင်းသူ ၆၄ဦးအတွက် ငွေကျပ် ၄၀၀၀၀၀ ထောက်ပံ့ပေးအပ်စဉ်။ (၁၃၉)

သန်လျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကို ဇွန် ၂ရက်က မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးခိုင်ထွန်းက ဝန်ထမ်းသား သမီး ၅၀ အတွက် ပညာသင်ထောက်ပံ့ကြေးနှင့် စာရေးကိရိယာများကို ထောက်ပံ့ပေးအပ်စဉ်။ (၀၄၉)

လှိုင်သာယာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ပွဲကို မေ ၃၁ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထိန်စိုးက ဝန်ထမ်းသား သမီး ၅၅ ဦးတို့အတွက် ပညာသင်ထောက်ပံ့ကြေး ငွေကျပ်ဆယ်သိန်းနှစ်သောင်းတစ်ထောင့်တစ်ရာကို ပေးအပ်စဉ်။ (၀၀၁)

သဃ်န်းကျွန်းမြို့နယ် မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနေ့ကို မေ ၃၁ ရက်က အထက(၁)ကျောင်းခန်းမ၌ ကျင်းပရာ တာဝန်ရှိသူများက ကျောင်းနေရွယ်ကလေး ၃၉၇ ဦးအတွက် ငွေကျပ် ၁၄ သိန်း ကိုးသောင်းတစ်ထောင်တန်ဖိုးရှိ ကျောင်းသုံးစာရေးကိရိယာနှင့် ကျောင်းဝတ်စုံတို့ကို ပေးအပ်လှူဒါန်းစဉ်။ (၀၂၅)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၇-၆-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အင်္ဂဇေယမင်္ဂလာ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈:၁၀ ၇။ နှောင်းခေတ်တေးပဒေသာ
၈:၂၀ ၈။ အကပြိုင်ပွဲ
၈:၃၀ ၉။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈:၃၅ ၁၀။ International News
၈:၄၅ ၁၁။ တေးဂီတအစီအစဉ်
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ တေးဂီတအစီအစဉ်
၄:၂၀ ၃။ အတီးပြိုင်ပွဲ
၄:၃၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ-ပထမနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၄:၅၀ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၀၀ ၆။ ကြေးမုံရိပ်သွင်တေးနှယည်
၅:၁၀ ၇။ **တော်ပါပေတယ် ဘွားဘွားရယ်**
၅:၂၀ ၈။ ဂီတသံစဉ်အလှဆင်
၅:၃၀ ၉။ မြန်မာ့သမိုင်းဝင်ခံတပ်များ
၅:၄၅ ၁၀။ ရင်မှာစွဲထင်တေးအလှသံစဉ်
၆:၀၀ ၁၁။ ညနေခင်းသတင်း
၆:၁၅ ၁၂။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၃။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆:၅၀ ၁၄။ ဆိုလိုက်ကြစို့
၇:၀၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေ့မေတ္တာ** (ဒုတိယတွဲ) (အပိုင်း-၃၈)
၈:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **ရယ်စရာဟာသများ**
၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **နားခိုရာ** (အပိုင်း-၄)
၂၁။ အစီအစဉ်ပြီး၏။

ဧရာဝတီတိုင်းဒေသကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်းတစ်ခု တည်ထောင်၍ ဆောင်ရွက်မည်

နေပြည်တော် ဇွန် ၆

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်သည် ယနေ့ နံနက် ၁၀ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

ဖောင်ဒေးရှင်း

အဆိုပါ အစည်းအဝေးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြည်သူများ၏တင်ပြချက်များကို အလေးထားဆောင်ရွက်သွားခြင်းဖြင့် ပြည်သူများ၏ ယုံကြည်မှုရရှိမည်ဖြစ်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်းတစ်ခု တည်ထောင်၍ တိုင်းဒေသကြီး၏ စီးပွားရေး၊ လူမှုရေး ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့် မြို့နယ်များအလိုက် တင်ပြထားသော ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြီးကြပ်ဆောင်ရွက်

သာယာဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းလမ်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းကျောင်းအဝင် ကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်းကို မေ ၂၃ ရက်က အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကွန်ပျူတာနည်းပညာသင်တန်းဖွင့်မည်

ရန်ကုန် ဇွန် ၆

စီးပွားရေးလုပ်ငန်း အဖွဲ့အစည်းများ၏ information လိုအပ်ချက်ပေါ်မူတည်၍ စနစ်ကျသော Database Design တစ်ခုကို တည်ဆောက်နိုင်စေရန်နှင့် ထို Detabase Design ကို SQL Sever 2008 အသုံးပြု၍ကောင်းမွန်အောင်အကောင်အထည်ဖော် Development လုပ်နိုင်စေရန်အတွက် "Database Design and Development" သင်တန်းကို Gusto ကွန်ပျူတာနည်းပညာ သင်တန်းကျောင်းမှ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ရာ Conceptual Design , Logical Design နှင့် Physical Design စသည်တို့ကို လက်တွေ့ Project များ ပြုလုပ်၍ သင်ကြားပေးမည်ဖြစ်ပြီး ထွက်ပေါ်လာသော Database Design ကို Performance, Date Integrity, Security ပိုင်းများတွင် ပိုမိုကောင်းမွန်စေရန် Development လုပ်သင့်သည့် နည်းစနစ်များကို ထပ်မံသင်ကြားပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ဆက်သွယ်စုံစမ်းနိုင်

အဆိုပါ သင်တန်းကို ဇွန် ၁၀ ရက်တွင် စတင်ဖွင့်လှစ်မည် ဖြစ်ပြီး သင်တန်းကာလမှာ နှစ်လကျော် ကြာမြင့်မည်ဖြစ်ကာ အင်္ဂါမှကြာသပတေးနေ့အထိ တစ်ပတ်လျှင် လေးရက်တက်ရောက်သင်ကြားရမည် ဖြစ်ကြောင်းနှင့် စိတ်ဝင်စားသူများသည် Gusto ကွန်ပျူတာ နည်းပညာ သင်တန်းကျောင်း အမှတ်၂၆၊၁၄ လမ်း (အောက်ဘလောက်)လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၈၆၂၈၈၀၆၊ ၀၉-၇၃၀၃၁၃၀၂ နှင့် ၀၁-၂၂၄၄၉၆ တို့ထံသို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

မောင်းလျှင် မမူးနှင့်
မူးလျှင် မမောင်းနှင့်

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်
ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲ ကြည့်ရှုအားပေး

နေပြည်တော် ဇွန် ၆

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးခင်ဇော်သည် ဇွန် ၅ ရက်နံနက်ပိုင်းက ထားဝယ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသော တနင်္သာရီတိုင်းဒေသကြီး အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် (၁၄)ကြိမ်မြောက် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲသို့ သွားရောက်ကြည့်ရှုအားပေးသည်။

အဆိုပါပြိုင်ပွဲတွင် ပန်းချီပြိုင်ပွဲ၌ ၆၃ ဦး၊ ကာတွန်းပြိုင်ပွဲ၌ ၃၆ ဦး၊ ပိုစတာပြိုင်ပွဲ၌ ၄၃ ဦး၊ ကွန်ပျူတာပန်းချီပြိုင်ပွဲ၌ ၁၁ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၁၅၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ယှဉ်ပြိုင်

ထို့အပြင် အဆိုပါ ပြိုင်ပွဲများကို တနင်္သာရီတိုင်းဒေသကြီးအတွင်း၌ ခရိုင်အလိုက် တစ်ရက်တည်း၊ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ကျင်းပခဲ့ရာ မြိတ်ခရိုင်၌ ၆၄ ဦး၊ ကော့သောင်းခရိုင်၌ ၂၄ ဦး ယှဉ်ပြိုင်ကြသည်။

ထို့မှတစ်ဆင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ၂၀၁၁ ခုနှစ် ကျောင်းဖွင့်ရာသီအမီ ပြင်ဆင်ပေးခဲ့သော ကျွန်းမွေးအခြေခံပညာမူလတန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျောင်းဝင်းအတွင်း ဟင်းသီးဟင်းရွက်ပင်များ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုအားပေးကြသည်။

ကျွန်းမွေး အခြေခံပညာမူလတန်းကျောင်းကို အလျားပေ ၁၁၀၊ အနံပေ ၃၀၊ အမြင့် ၁၂ပေရှိ တိုင်ထောင်၊ အုတ်ညှပ်၊ သွပ်မိုး၊ ကွန်ကရစ်ခင်း ကျောင်းဆောင်အဖြစ် ငွေကျပ် ၉၆ သိန်း အကုန်အကျခံ ပြင်ဆင်ပေးခဲ့ခြင်းဖြစ်ပြီး ဆရာ ဆရာမခြောက်ဦးဖြင့် ကျောင်းသား ကျောင်းသူ ၁၇၈ ဦးတို့အား ပညာသင်ကြားပေးလျက်ရှိကြောင်း သိရှိရသည်။

ပြုပြင်ဆောက်လုပ်

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တလိုင်းတောင်ကျေးရွာ (မူလွန်) ကျောင်း၏ ကျောင်းဖွင့်အမီ ပြင်ဆင်ပြီးစီးမှုကို သွားရောက် စစ်ဆေးကြသည်။ အဆိုပါကျောင်းမှာ အလျားပေ ၆၀၊ အနံပေ ၃၀၊ အမြင့် ၁၂ ပေရှိ တိုင်ထောင်၊ အုတ်ညှပ်၊ သွပ်မိုး ကွန်ကရစ်ခင်း တစ်ထပ်ကျောင်းဆောင်အဖြစ် ငွေကျပ် သိန်း ၉၀ အကုန်အကျခံ ပြုပြင်ဆောက်လုပ်ပေးခဲ့ခြင်းဖြစ်ပြီး ဆရာ ဆရာမ ကိုးဦးဖြင့် ကျောင်းသား ကျောင်းသူ ၁၇၉ ဦးတို့အား ပညာသင်ကြားပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်
ကွန်ပျူတာပန်းချီပြိုင်ပွဲ ကြည့်ရှုအားပေး

ရန်ကုန် ဇွန် ၆

ရန်ကုန်တိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၁၁ခုနှစ်အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် တိုင်းဒေသကြီးအဆင့် ကွန်ပျူတာပန်းချီပြိုင်ပွဲကို ဇွန် ၅ ရက် နံနက်၉နာရီက ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေသည် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ကျောင်းသားကျောင်းသူများ ပြိုင်ပွဲဝင်မှုကို လိုက်လံကြည့်ရှုအားပေးသည်။**(အပေါ်ပုံ)**

ဝင်ရောက်ယှဉ်ပြိုင်

အဆိုပါပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများမှ အလယ်တန်းအဆင့် ၃၀ နှင့် အထက်တန်းအဆင့် ၃၅ ဦး စုစုပေါင်း ၆၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထန်းတပင်မြို့နယ်အတွင်း မြေကြီး၊ မြေပုံ၊ မြေစာရင်းနှင့် သီးနှံစိုက်ဧက ဧရိယာ မှန်ကန်ရေးအတွက် မေ ၃၀ ရက်က မြို့နယ် မြေစာရင်းဦးစီးဌာန ဦးစီးမှူးဦးခင်မောင်ထွေးနှင့် ကွင်းတာဝန်ခံများ ရိုးဌကျေးရွာအုပ်စု၌ ကွင်းဆင်းဆောင်ရွက်စဉ်။ (ဝ၄၈)

သုံးမြွှာပူးကလေးများ
ကလောပြည်သူ့ဆေးရုံ၌ အောင်မြင်စွာမွေးဖွား

ကလော ဇွန် ၆

ကလောမြို့နယ် ပြည်သူ့ဆေးရုံတွင် ဇွန် ၃ရက် နံနက် ၉နာရီ ၁၀မိနစ်က အထူးကုဆရာဝန် ဒေါက်တာခင်မိုးလှိုင်၊ သားဖွားနှင့် မီးယပ်အထူးကုဆရာဝန် ဒေါက်တာ အေးမင်းသန်းနှင့်ဆရာဝန်၊ဆရာမများက အောင်ပန်းမြို့ မြို့ဟောင်းရပ်ကွက်နေ အသက် ၃၅ နှစ်ရှိ မနီနီဦး၏ ယောကျ်ားလေးသုံးမြွှာပူးအား ကောင်းမွန်စွာ မွေးဖွားပေးခဲ့ကြောင်းနှင့် ကလောမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ခင်မို့မို့ထွန်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များက လိုအပ်သည့် ထောက်ပံ့ငွေနှင့် ကလေးအသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ) (မြို့နယ် မိခင်/ကလေး)**

သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး အမြို့မြို့အနယ်နယ်၌ သစ်ပင်များစိုက်ပျိုး

သံတောင်ကြီး၌ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

သံတောင်ကြီး ဇွန် ၆

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၅ ရက် နံနက် ၇ နာရီခွဲက သံတောင်ကြီးမြို့နယ် သံတောင်မြို့သစ်၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောခူးရီက အမှာစကား ပြောကြားပြီး မြို့နယ်သစ်တောဦးစီးအရာရှိ ဦးပေါမောင်က သစ်ပင်စိုက်ပျိုးပွဲ ကျင်းပရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

စိုက်ပျိုး

ဆက်လက်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက ပျိုးပင်များကို တက်ရောက်လာသူများအား ပေးအပ်ပြီး ကျွန်းပင်ကို စိုက်ပျိုးပေးသည်။ **(အောက်ပုံ)** ထို့နောက် တက်ရောက်လာကြသူများက ကျွန်းပင် ၁၂၀၀ ကျော်နှင့် မဟော်ဂနီ ၈၀၀ ကျော် စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ်သစ်တော)**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
သစ်ပင်စိုက်ပျိုးပွဲကျင်းပ

ရန်ကုန် ဇွန် ၆

ရန်ကုန်မြို့တော်ဝန်၊ စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့်သည် ဇွန် ၄ရက် နံနက်ပိုင်းက ဒဂုံမြို့နယ် တော်လှန်ရေးပန်းခြံ၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနက ကြီးမှူးကျင်းပသည့် ၂၀၁၁ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ ခရေပင်များကို အမှတ်တရ စိုက်ပျိုးပေးသည်။**(အပေါ်ပုံ)**

စိုက်ပျိုးမည်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနသည် ယခုနှစ် မိုးရာသီကာလတွင် စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့နယ်များ၌ အရိပ်ရပင်၊ ပန်းအလှပင်၊ ကျွန်းနှင့် ထန်းပင် စုစုပေါင်း သုံးသိန်း စိုက်ပျိုးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စိုက်ပျိုးပေး

ကရင်ပြည်နယ် မြဝတီခရိုင်သစ်တောဦးစီးဌာန၏ ၂၀၁၁-ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲတော်ကို မေ ၃၁ ရက်က မြဝတီမြို့ အောင်မြေရွှေဘုံ မူလတန်းကျောင်း၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်ဦးက ရတနာ တန်းဝင်ကျွန်း၊ မဟော်ဂနီနှင့် ကံ့ကော်ပင်များကို စိုက်ပျိုးပေးစဉ်။
(ဝ၈ဝ)

● ကျောဖုံးမှ

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ်၌ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ တည်ဆောက်ပေးနိုင်ခဲ့သဖြင့် ရမ်းဗြဲ၊ ကျောက်ဖြူ၊ မာန်အောင်၊ လမူးနှင့် မအီမြို့နယ်များနှင့် အနီးဝန်းကျင်ဒေသများမှ ပြည်သူများ ရုပ်မြင်သံကြား အစီအစဉ်များကို နေ့စဉ်ကြည်လင် ပြတ်သားစွာ ကြည့်ရှုအပန်းဖြေနိုင် ကြပြီဖြစ်သည်။ မင်္ဂလာရှိသော သတင်းပင်။

စံချိန်စံညွှန်းမီ

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ်၌ တည်ဆောက်ပေးခဲ့သည့် ရုပ်မြင်သံကြား ထပ်ဆင့်အသံလွှင့်စက်ရုံကို ပိန္နဲတောင်ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံဟု အမည်ပေးထားသည်။ စက်ရုံတည်ဆောက်ရန် မြေနေရာ ရွေးချယ်မှုကို ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်က ပြုလုပ်ခဲ့ရာ ရန်ကုန်-ကျောက်ဖြူကားလမ်းမ မိုင်တိုင်အမှတ် ၇၂/၅ (ဒေသအခေါ် View Point) တွင် နေရာသတ်မှတ်ပြီး ပန္နက်တင်မင်္ဂလာ ကျင်းပခဲ့ခြင်းဖြစ်သည်။

ပိန္နဲတောင် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ တည်ဆောက်ရေးလုပ်ငန်းများကို ရွှေတောင်ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီက ၂၀၀၉ ခုနှစ် မေလတွင် ပထမအဆင့် တည်ဆောက်ရေး လုပ်ငန်းများ စတင်ခဲ့သည်။ စက်ရုံအဆောက်အအုံ၊ အင်ဂျင်ရုံ၊ ဆီသိုလှောင်ရုံ၊ စက်ရုံမှူးနေအိမ်၊ နှစ်ခန်းတွဲဝန်ထမ်းအိမ်ရာ၊ ခြံစည်းရိုးနှင့် အတွင်းပတ်လမ်းများကို ၂၀၀၉ ခုနှစ် နိုဝင်ဘာလ၌ အပြီးတည်ဆောက်နိုင်ခဲ့သည်။ မြန်မြန်နှင့်စံချိန်စံညွှန်းမီ တည်ဆောက်ခြင်းဖြင့် ပြည်သူများအကျိုးကျေးဇူး မြန်မြန်ခံစားနိုင်ရေး ရည်ရွယ်ချက်အရ အကောင်အထည်ဖော်ခြင်းပင် ဖြစ်သည်။

စမ်းသပ်ထုတ်လွှင့်

ဒုတိယအဆင့် တည်ဆောက်ရေး လုပ်ငန်းများဖြစ်သည့် တာဝါဖောင်ဒေးရှင်း၊ ရေရရှိရေးလုပ်ငန်းနှင့် လျှပ်စစ်ဓာတ်အားရရှိရေးလုပ်ငန်းများကို ရွှေတောင်ကုမ္ပဏီကပင် ၂၀၁၀ ခုနှစ် နိုဝင်ဘာလ၌ စတင်ဆောင်ရွက်ခဲ့ရာ ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလတွင် ယင်းလုပ်ငန်းများ အောင်မြင်ပြီးစီးခဲ့သည်။ ဆက်လက်ပြီး တာဝါတပ်ဆင်ခြင်း၊ အင်တင်နာတပ်ဆင်ခြင်း၊ စက်ပစ္စည်းများ တပ်ဆင်ခြင်းကို ၂၀၁၁ ခုနှစ် မတ်လဆန်းမှ စတင်ဆောင်ရွက်ခဲ့ရာ ဧပြီ ၁ ရက်မှစတင်ပြီး ရုပ်မြင်သံကြား အစီအစဉ်များ စတင်စမ်းသပ်ထုတ်လွှင့်ပေးနိုင်ခဲ့သည်။

ကြည့်ရှုနိုင်

ထို့နောက် ၂၀၁၁ ခုနှစ် မေ ၁ ရက်မှ စတင်ကာ လွှင့်အား (3KV) လိုင်းနံပါတ် (J-17) ဖြင့် နေ့စဉ် ည ၂ နာရီမှ အစီအစဉ်ပြီးဆုံးသည်အထိ ပုံမှန် ထုတ်လွှင့်ပေးလျက်ရှိနေပြီဖြစ်သည်။ ထို့ကြောင့် ယခုအခါ ရမ်းဗြဲ၊ မာန်အောင်၊ ကျောက်ဖြူ၊ လမူးနှင့် မအီမြို့နယ်များဝန်းကျင်မှ ဒေသခံပြည်သူများ နေ့စဉ် ရုပ်မြင်သံကြားအစီအစဉ်များကို ကြည်လင်ပြတ်သားစွာ စိတ်တိုင်းကျကြည့်ရှုနိုင်နေကြခြင်းပင်ဖြစ်သည်။ နိုင်ငံတော်၏စေတနာနှင့် တိုင်းရင်းသားလုပ်ငန်းရှင်များ၏ ပူးပေါင်းလက်တွဲမှုတို့ကြောင့် ပြည်သူတို့အတွက် အကျိုးပြုလုပ်ငန်းများ အကောင်အထည်ပေါ်လာခြင်းပင်ဖြစ်သည်။

အားရကျေနပ်

"ရုပ်မြင်သံကြားအစီအစဉ်တွေ အခုလို ကောင်းကောင်းမွန်မွန်နဲ့ ကြည့်ရတော့ ကိုယ့်တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းတွေ မျက်ဝါးထင်ထင် မြင်တွေ့ရလို့ အားရကျေနပ်သလို နိုင်ငံတကာ အဖြစ်အပျက်တွေ ကြည့်ရတော့လည်း သင်ခန်းစာ ယူစရာပါပဲ၊ ရုပ်မြင်သံကြားဇာတ်လမ်းတွဲကတော့ ပြည်သူတွေ အပန်းဖြေစရာပေါ့ကွာ" ဟု ဦးလေးဖြစ်သူက ဝမ်းပန်းတသာ ပြောပြပါသည်။ ရခိုင်ပြည်နယ်မှ ပြည်သူတွေ ပျော်နေကြမည်ကို စိတ်ထဲ တွေးနေမိသည်။ အိမ်မှ တီဗွီရှေ့ထိုင်ရင်း တစ်နိုင်ငံလုံး၊ တစ်ကမ္ဘာလုံးမှ အဖြစ်အပျက်တွေ မြင်တွေ့နေကြရသည်မဟုတ်ပါလား။

စေတနာရှေ့ထား

နိုင်ငံတစ်ဝန်း ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံများ တည်ဆောက်ထားမှုကို ပြန်စဉ်းစားမိသည်။ ပြန်ကြားရေးဝန်ကြီးဌာန၏ ဦးဆောင်ဦးရွက်မှုဖြင့် ဒေသအသီးသီးတွင် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံများ အစီအရီပေါ်ထွက်လာမှုကို သတိပြုမိခဲ့သည်။ ပြည်သူများအတွက် စေတနာရှေ့ထား ဆောင်ရွက်မှုများအဖြစ် အသိအမှတ်ပြုစရာပင် ဖြစ်သည်။

နမ္မတူမြို့

ထိုသို့ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံများ တည်ဆောက်ခဲ့ရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ္မတူမြို့၌ တာဝါအမြင့် ၃၀ မီတာ၊ လွှင့်အား ၅၀ ဝပ်၊ လိုင်းနံပါတ် (J-13) ရှိသည့် ထပ်ဆင့်လွှင့်စက်ရုံကို ၂၀၀၉ ခုနှစ် အောက်တိုဘာ ၂၀ ရက်၌ စတင် တည်ဆောက်ခဲ့ရာ ၂၀၁၀ ခုနှစ် ဧပြီ ၂၉ ရက်တွင် လုပ်ငန်းများ ပြီးစီးခဲ့သည်။ ဒေသခံပြည်သူများအတွက် ၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်မှစတင်ပြီး ရုပ်မြင်သံကြား အစီအစဉ်များကို ကြည့်ရှုနိုင်ခဲ့ကြသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းတွင်လည်း တာဝါ အမြင့် ၃၀ မီတာ၊ လွှင့်အား ၃၀၀ ဝပ်၊ လိုင်းနံပါတ် (J-13) ရှိသည့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဆုထူးစံ ကုမ္ပဏီတို့ပူးပေါင်းပြီး ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်၌ စတင်တည်ဆောက်ခဲ့ရာ ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် ပြီးစီးခဲ့သဖြင့် ဒေသခံ ပြည်သူများ ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁၉ ရက်မှ စတင်ကာ ရုပ်မြင်သံကြားအစီအစဉ်များ ဖမ်းယူကြည့်ရှုနိုင်ခဲ့ကြပြီဖြစ်သည်။ ဒေသခံပြည်သူများ ပျော်ရွှင်မဆုံး ဖြစ်ခဲ့ကြရသည်။

နောင်ချိုး

တစ်ဖန် ရှမ်းပြည်နယ်(တောင်ပိုင်း) နောင်ချိုးတွင်လည်း ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြဝင်းဆောက်လုပ်ရေးလုပ်ငန်းတို့ပူးတွဲပြီး တာဝါအမြင့် ၃၀ မီတာ၊ လွှင့်အား ၅၀ ဝပ်၊ လိုင်းနံပါတ် (J-16) ရှိသည့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို ၂၀၁၀ ခုနှစ် မေ ၁ ရက်၌ စတင်တည်ဆောက်ခဲ့ရာ ၂၀၁၀ ခုနှစ် ဇူလိုင် ၁၂ ရက်တွင် လုပ်ငန်းများ ပြီးစီးခဲ့သည်။ ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁၅ ရက်၌ တာဝါနှင့် စက်ပစ္စည်းများ တပ်ဆင်ပြီး ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂၃ ရက်မှ စတင်ကာ ဒေသခံပြည်သူများ ရုပ်မြင်သံကြားအစီအစဉ်များ ဖမ်းယူကြည့်ရှုခွင့် ရရှိခဲ့သည်။ တစ်နေ့တာ အလုပ်ပြီးချိန် အိမ်၌ တီဗွီထိုင်ကြည့်ရင်း စိတ်ရောကိုယ်ပါ အပန်းဖြေနိုင်ကြပြီ ဖြစ်သည်။

ငရုတ်ကောင်း

ထို့အပြင် ဧရာဝတီတိုင်းဒေသကြီး ငရုတ်ကောင်းတွင် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကိုလည်း ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်က စတင် တည်ဆောက်ခဲ့ရာ လုပ်ငန်းများ ၂၀၁၀ ခုနှစ် မေ ၁၀ ရက်၌ ပြီးစီးခဲ့သည်။ တာဝါနှင့် စက်ပစ္စည်းများ တပ်ဆင်မှုမှာ ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ပြီးစီးခဲ့ပြီး ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်မှ စတင်ကာ ရုပ်မြင်သံကြား အစီအစဉ်များ ဖမ်းယူ ကြည့်ရှုနိုင်ခဲ့ကြသည်။

ထို့အတူ ရှမ်းပြည်နယ် (တောင်ပိုင်း)ဝမ်ပန်ရွာတွင် တာဝါအမြင့် ၃၀ မီတာ၊ လွှင့်အား ၁၀ ဝပ်နှင့် လိုင်းနံပါတ် (J-13) ရှိသည့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို ၂၀၁၀ ခုနှစ် မေ ၁ ရက်၌ စတင်တည်ဆောက်ခဲ့သည်။ တာဝါနှင့် စက်ပစ္စည်းများ တပ်ဆင်မှုကို ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် ပြီးစီးခဲ့ရာ ဖေဖော်ဝါရီ ၈ ရက်မှ စတင်ပြီး ရုပ်မြင်သံကြားအစီအစဉ်များကို ဒေသခံ တိုင်းရင်းသား ပြည်သူများ ဖမ်းယူ ကြည့်ရှုနိုင်ခဲ့ကြသဖြင့် ပြုံးပန်းများ ဝေဆာခဲ့ကြသည်။

နိုင်ငံတစ်ဝန်း နယ်စပ်ဒေသများ မကျန် ရုပ်မြင်သံကြားအစီအစဉ်များကို ဒေသခံတိုင်းရင်းသားပြည်သူများ နေ့စဉ်ကြည်လင်ပြတ်သားစွာ ကြည့်ရှုခံစားနိုင်ကြသဖြင့် ပီတိဖြာဝေလျက်ရှိကြသည်။ နိုင်ငံတော်ကလည်း ပြည်သူများအတွက် အကျိုးရှိသော ဖြည့်ဆည်းမှုတစ်ရပ်ကို လက်တွေ့အကောင်အထည်ဖော်ပေး နိုင်ခဲ့ခြင်းဖြစ်ရာ နိုင်ငံတော်၏ စေတနာ အလှတရားတစ်ရပ်ပင် ဖြစ်ပါကြောင်း။ ။ **(မြန်မာ့အလင်း)**

ရုပ်မြင်သံကြားအစီအစဉ်များ ထုတ်လွှင့်ပေးလျက်ရှိသော ချင်းပြည်နယ် ဟားခါးမြို့မှ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံကို ညသို့ တွေ့ရသည်။

ရခိုင်ပြည်နယ် သံတွဲမြို့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ၌ MRTV-4 နှင့် ဆက်စပ်ရုပ်သံလိုင်းများ ပူးတွဲတပ်ဆင် ထုတ်လွှင့်ပေးလျက်ရှိသည်။

ရန်ကုန်မြို့ တာမွေမြို့နယ်နေ ဒေါ်စိန်လှဖြူ၏ မွေးနေ့အလှူအဖြစ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၌ ဇွန် ၅ ရက်က အလှူငွေကျပ် တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးဝင်းလွင် လက်ခံယူစဉ်။ (ဇီဝိတဒါနသံဃာ့ဆေးရုံ)

နေထိုင်မှုဆိုင်ရာ ပြပွဲကျင်းပမည်

ရန်ကုန် ဇွန် ၆

Logic Myanmar နှင့် Kotra တို့မှ ကြီးမှူး၍ Made in Korea and Living Facility Exhibition ပြပွဲကို ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဇွန် ၁၀ ရက်မှ ၁၃ ရက်အထိ ကျင်းပမည်ဖြစ်ရာ အဆိုပါပြပွဲတွင် IT - Zone Asia Tech Computer, Citicom Computer, Idea Link Computer, Sky Light Computer, Technoland Computer, Neo Tech Computer, King Power Computer, King Service Wisdom Computer နှင့် TPP (သပြေပွင့်) ကွန်ပျူတာ အရောင်းဆိုင်များ ပါဝင်ပြသရောင်းချမည်ဖြစ်ကြောင်း သိရသည်။

အသုံးပြုနိုင်

ပြပွဲရက်အတွင်း အဆိုပါဆိုင်များမှ အထူးဈေးနှုန်းများဖြင့် ရောင်းချပေးမည့်အပြင် အမှတ်တရလက်ဆောင်များကို Net Guide ပြခန်းတွင် ထုတ်ယူနိုင်ပြီး ကံစမ်းမဲအစီအစဉ်တွင် ပါဝင်ကံစမ်းနိုင်ကာ ကံထူးရှင်များအတွက် Acer Aspire One D-257 Netbook, ၁၅ နာရီ ဘက်ထရီ အသုံးပြုနိုင်သည့် U 160 MSI Netbook, Asus Eeepc တစ်လုံး၊ Creative 5.1 Speaker A 500 နှင့် Ddux Thunder K 8000 G Wireless Keyboard နှင့် Mouse တို့ ပေးအပ်မည်ဖြစ်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် (၁၄)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ခရိုင်အဆင့်စာစီစာကုံးနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများကို ဇွန် ၄ ရက်က သုံးဆယ်မြို့ အထက ပီမိုးနင်းခန်းမတွင်ကျင်းပရာ သာယာဝတီခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးချစ်စိန်နှင့်အဖွဲ့ ကြည့်ရှုစစ်ဆေးစဉ်။ (ခရိုင် ပြန်/ဆက်)

ဒလမြို့နယ်တွင် ၂၀၁၁-၂၀၁၂ ခုနှစ် စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို မေ ၂၇ ရက်က မြို့နယ် သီရိဇေယျာအနော်ရထာ ခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းက စီမံကိန်း တာဝန်များ ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

သင်တန်းကချမှတ်ထားသည့် စည်းကမ်းများကိုလိုက်နာ အားကစားလေ့ကျင့်ရေးနှင့် ပညာသင်ကြားရေးကို အစွမ်းကုန်ကြိုးစား

ရန်ကုန် ဇွန် ၆

အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)က ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွင်းတွင် ပြည်တွင်းပြည်ပ ပြိုင်ပွဲများ၌ အားကစားနည်း(၁၂)နည်း ပြိုင်ပွဲ (၄၆)ကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် ၁၂၅ခု၊ ငွေတံဆိပ် ၁၁၅ ခု၊ ကြေးတံဆိပ် ၁၂၉ ခု စုစုပေါင်းဆုတံဆိပ် ၃၆၉ခု ဆွတ်ခူးခဲ့ကြောင်း၊ အားကစားနှင့် ပညာရေး ပေါင်းစပ်သင်တန်းကို တက်ရောက်ကြမည့် လူငယ်မောင်မယ်များအနေဖြင့် သင်တန်းကချမှတ်ထားသည့် စည်းကမ်းများကို တိတိကျကျလိုက်နာပြီး အားကစားလေ့ကျင့်ရေးနှင့် ပညာသင်ကြားရေးတို့ကို အာရုံစူးစိုက်၍ အစွမ်းကုန်ကြိုးစားသွားကြရန် ဖြစ်ကြောင်းဖြင့် ဇွန် ၅ရက် နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး ကျိုက္ကဆံကွင်းရှိ ပြည်ထောင်စုခန်းမ၌ကျင်းပသော အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)၏ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် အားကစားနှင့် ပညာရေး ပေါင်းစပ်သင်တန်းနှင့် အားကစားလေ့ကျင့်ရေးသင်တန်းဖွင့်ပွဲအခမ်းအနား၌ မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

ဂုဏ်ပြုမှတ်တမ်းလွှာ

ဆက်လက်၍ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)သို့ စေတနာရှင်များက အလှူငွေများ ပေးအပ်ကြရာ ACE ဆောက်လုပ်ရေးကုမ္ပဏီ ဥက္ကဋ္ဌ ဦးဖြိုးကိုကိုတင့်ဆန်းနှင့်ဇနီး ဒေါ်ကျဲရှိချင်းတီစ်နှင့် ဦးထင်ကျော်လင်းနှင့် ဇနီး ဒေါ်ငြိမ်းငြိမ်းတင့်ဆန်းနှင့်သမီး မလင်းမြတ်ချယ် (Golden Hill Restaurant) မိသားစုတို့က ငွေကျပ်သိန်း ၅၀ စီကိုလည်းကောင်း၊ ဇေကမ္ဘာကုမ္ပဏီ လီမိတက်ဥက္ကဋ္ဌ ဒေါက်တာ ဦးခင်ရွှေ၊ မြန်မာနိုင်ငံ သေနတ်ပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးထက်ညီနှင့် မြန်မာနိုင်ငံအလေးမ အဖွဲ့ချုပ်ဥက္ကဋ္ဌ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းလွင်(ကျော်သာကုမ္ပဏီလီမိတက်) တို့က ငွေကျပ် ၁၀ သိန်းစီကို လည်းကောင်း ပေးအပ်လှူဒါန်းကြရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေကလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌအားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းထံ မန်နေဂျင်းဒါရိုက်တာ ဦးနေလင်း(ရတနာသင်္ခ်ဆောက်လုပ်ရေး)၊ မြန်မာနိုင်ငံကြက်တောင် အဖွဲ့ချုပ် ဥက္ကဋ္ဌ မန်နေဂျင်းဒါရိုက်တာ ဦးမောင်မောင်ဆွေ (ဂရိတ်ဝေါဆောက်လုပ်ရေးလုပ်ငန်းနှင့် တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်းစု)၊ မြန်မာနိုင်ငံ ရိုးရာ အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ထွန်းနှင့် ဒေါက်တာစိုးလွင် (Myanmar CP ကုမ္ပဏီလီမိတက်)တို့က ငွေကျပ် ၁၀သိန်းစီကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်က ငွေကျပ် ၁၀သိန်းနှင့် ဟော်ကီ အားကစားပစ္စည်းများကိုလည်းကောင်း၊ ကျန်အလှူရှင်ခုနစ်ဦးတို့က အလှူငွေများကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ထိုနေ့က လှူဒါန်းငွေစုစုပေါင်းမှာ ငွေကျပ် ၂၀၉သိန်း ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မကွေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလှဒေါင်း မေ ၃၁ ရက်က မင်းဘူး (စကုမြို့)အမှတ် (၁/၂/၃)ရပ်ကွက်နေပြည်သူများအား နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

လေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းပေးအပ်

ဇလွန် ဇွန် ၆

ဇလွန်မြို့နယ်အတွင်း မေ ၂၄ ရက် ညနေပိုင်းတွင် ဖြစ်ပွားခဲ့သော မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့် ဇလွန်မြို့နယ် လမ်းမတော်မြောက်ရပ်ကွက်၊ လမ်းမတော်တောင်ရပ်ကွက်၊ ဆန်တန်းရပ်ကွက်၊ ကမ်းနားရပ်ကွက်တို့မှ လေဘေးသင့် ပြည်သူများအား အလှူငွေနှင့် ထောက်ပံ့ပစ္စည်း ပေးအပ်ပွဲကို မေ ၂၅ ရက် ညပိုင်းက မြို့နယ် သမဝါယမဦးစီးဌာနရုံး၌ ကျင်းပသည်။

ပေးအပ်

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့က လှူဒါန်းသော ငွေကျပ် ၁၀ သိန်း၊ ဧရာဝတီတိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက ပစ္စည်း ခြောက်မျိုး၊ ဇလွန်မြို့နယ်အတွင်း အလှူရှင်များက လှူဒါန်းငွေကျပ် ခြောက်သိန်းငါးသောင်းတို့ကို ဧရာဝတီတိုင်းဒေသကြီး စီးပွားကူးသန်း၊ သတ္တု၊ သမဝါယမ၊ ဟိုတယ်နှင့်ခရီး သွားလာရေးဝန်ကြီးဌာန ဝန်ကြီးဦးလှခိုင်က လေဘေးသင့်ပြည်သူများအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

ပညာရည်ချွန်ဆုပေးပွဲ ဒေးဒရဲ၌ကျင်းပ

ဖျာပုံ ဇွန် ၆

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် ဆင်ကူးကျေးရွာအုပ်စု အခြေခံပညာမူလတန်းကျောင်းတွင် ၂၀၁၀-၂၀၁၁ ခုနှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် ၂၀၁၁-၂၀၁၂ခုနှစ်အတွက် ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁ ရက်က အဆိုပါကျောင်း၌ ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ရွှေက အမှာစကားပြောကြားပြီး ကျောင်းသားကျောင်းသူ ၄၀ အတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ရွှေ၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်စန်းနှင့် အလှူရှင်များက ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာများကို ထောက်ပံ့ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ချောင်းသာမြို့ဝင် မြေယာရှုခင်းအလှဆင်ခြင်းလုပ်ငန်းကို မေ ၂၆ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ကြည့်ရှုစစ်ဆေးရာ မြို့နယ်တာဝန်ခံ ဦးနေမျိုးအောင်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ခြင်ဆေးဖျန်း

မရမ်းကုန်းမြို့နယ် အမှတ်(၃) ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ဝင်းနှင့်အဖွဲ့ ဇွန် ၅ ရက်က သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် အခြေခံပညာရေး ကျောင်းများ၌ ခြင်ဆေးဖျန်းကြစဉ်။
(၀၁၅)

မြန်မာ့အလင်း သတင်းအတိုအထွာ

အင်းလေလံတင်ရောင်းချပွဲ ကျောက်ဆည်၌ ကျင်းပ

ကျောက်ဆည် ဇွန် ၆

ကျောက်ဆည်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနက ကျောက်ဆည်ခရိုင်အတွင်းရှိ အင်းများလေလံတင်ရောင်းချပွဲကို မေ ၁၆ ရက် နံနက် ၁၀ နာရီက ခရိုင်ငါးလုပ်ငန်းဦးစီးဌာန ရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အင်းလေလံတင်ရောင်းချရေးအဖွဲ့က အင်း ၁၉ အင်းကို လေလံတင်ရောင်းချခဲ့ကြောင်း သိရှိရသည်။ (၁၂၁)

တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်ချက် ပျဉ်းမနားမြို့နယ်၌ ယခင်နှစ်ကထက် မြင့်တက်

နေပြည်တော် ဇွန် ၆

ပျဉ်းမနားမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းများ၏ တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်ချက်ရာခိုင်နှုန်းမှာ မြင့်တက်လာခဲ့ရာ ယမန်နှစ်က ပျဉ်းမနားမြို့နယ်ရှိ ကျောင်းများ၏ အောင်ချက်ရာခိုင်နှုန်းမှာ ၂၉ ရာခိုင်နှုန်းကျော်သာရှိခဲ့ပြီး ယခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မှာ ၃၂ ဒသမ ၈၈ ရာခိုင်နှုန်း ရှိခဲ့သည်။ အောင်မြင်သူများအနက် ခြောက်ဘာသာ နှစ်ဦး၊ ငါးဘာသာ သုံးဦး၊ လေးဘာသာ ကိုးဦး၊ သုံးဘာသာ ငါးဦး၊ နှစ်ဘာသာ ၁၇ ဦးနှင့် တစ်ဘာသာ ၄၂ ဦးတို့ ဂုဏ်ထူးများရရှိခဲ့ကြောင်း သိရှိရသည်။ *(မြို့နယ်စာပေစာနယ်ဇင်း)*

အမှိုက်ကန်အသစ်များ တိုးချဲ့ဆောက်လုပ်မည်

ရန်ကုန် ဇွန် ၆

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်ဖြစ်သော မြောက်ဥက္ကလာပ၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ ဒဂုံမြို့သစ် (တောင်ပိုင်း)၊ ဗဟန်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကင်း၊ ဒေါပုံ၊ ပုဇွန်တောင်၊ သာကေတ၊ ကမာရွတ်၊ ရွှေပြည်သာနှင့် မင်္ဂလာဒုံ မြို့နယ်များ၌ နေထိုင်သောပြည်သူများ၏ အိမ်သုံးအမှိုက်စွန့်ပစ်ရာတွင် အခက်အခဲမရှိ ပိုမိုလွယ်ကူစွာ အမှိုက်များစွန့်ပစ်နိုင်ရန် သတ်မှတ်နေရာများ၌ အမှိုက်ကန်အသစ် ၄၀ ကို တိုးချဲ့ဆောက်လုပ်ပေးသွားမည်ဖြစ်ပြီး အမှိုက်ကန် အရွယ်အစားမှာ အလျား ၁၀ ပေ၊ အနံ ခုနစ်ပေ၊ အမြင့် ငါးပေဖြစ်ကာ အုတ်ဖြင့်တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ လက်ရှိ အသုံးပြုလျက်ရှိသော အမှိုက်ကန် ၇၃ ကန်ကိုလည်း ပြန်လည်ပြုပြင်ဆောင်ရွက်မည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ သိရှိရသည်။

(ဝင်းဝင်းမော်-သတင်းစဉ်)

တက္ကသိုလ်ဝင်တန်း အောင်ချက်တိုးတက်

တောင်တွင်းကြီး ဇွန် ၆

တောင်တွင်းကြီးမြို့နယ်တွင် တက္ကသိုလ်ဝင်တန်းဖြေဆိုသူ ၂၆၉၇ ဦးရှိပြီး အောင်မြင်သူ ၁၂၁၆ ဦး ရှိသဖြင့် ယခုနှစ်တွင် အောင်ချက်မှာ ၄၅ ဒသမ ၀၈ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ ယမန်နှစ်က အောင်ချက်မှာ ၃၉ ဒသမ ၀၀ ရာခိုင်နှုန်းဖြစ်သဖြင့် အောင်ချက် တိုးတက်လာခဲ့ကြောင်း သိရသည်။ ဖြေဆိုအောင်မြင်သူများတွင် ခြောက်ဘာသာ ဂုဏ်ထူးရှင် တစ်ဦး၊ ငါးဘာသာ ငါးဦး၊ လေးဘာသာ ရှစ်ဦး၊ သုံးဘာသာ ၁၂ ဦး၊ နှစ်ဘာသာ ၂၈ ဦးနှင့် တစ်ဘာသာ ၁၃၁ ဦး ပါဝင်ကြောင်း သိရှိရသည်။ *(၁၁၇)*

ဝက်နားရွက်ပြာရောဂါအကြောင်း ဆွေးနွေးဟောပြော

ဒီမော့ဆို ဇွန် ၆

လွိုင်ကော်ခရိုင် ဒီမော့ဆိုမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဝက်နားရွက်ပြာရောဂါ အသိပညာပေးဟောပြောပွဲကို မေ ၂၆ ရက် နံနက် ၁၀ နာရီက ဒီမော့ဆိုမြို့နယ် မြို့နယ်ခန်းမ၌ကျင်းပရာ လွိုင်ကော်ခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ ခင်ဆွေရီက ဝက်နားရွက်ပြာရောဂါ ဖြစ်ပွားရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဒီမော့ဆိုမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဒေါက်တာနော်ရီစေးဘာက ဝက်နားရွက်ပြာရောဂါ ကျရောက်လာပါက ဆောင်ရွက်ရမည့် နည်းလမ်းများကို ဆွေးနွေးဟောပြောခဲ့ကြကြောင်း သိရှိရသည်။ ***(၁၂၆)***

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းနှင့် ဒုတိယဝန်ကြီးများ၊ ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်မှ အကြီးတန်း ဒုတိယဌာနေကိုယ်စားလှယ် Mr. Akba Usmani ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ သံရုံးများမှတာဝန်ရှိသူများ စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

❖ *ရှေ့ဖုံးမှ*

ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်၏ လုပ်ငန်းစဉ်များနှင့်ကိုက်ညီလျက်ရှိကြောင်း။

အိမ်ထောင်စု စားဝတ်နေရေးအခြေအနေ ဘက်စုံလေ့လာမှုစစ်တမ်းကို မြန်မာနိုင်ငံ၌ UNDP နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးရှိ မြို့နယ် ၁၁၆ မြို့နယ်မှ အိမ်ထောင်စုပေါင်း ၁၈၆၆၀ တွင် ၂၀၀၄- ၂၀၀၅ ခုနှစ်၌ စတင်ကောက်ယူခဲ့ကြောင်း၊ ယခင် စစ်တမ်းကောက်ယူပြီး ငါးနှစ်အကြာ ၂၀၀၉-၂၀၁၀ ခုနှစ်တွင် အရေအတွက်တူ နမူနာအိမ်ထောင်စုများ၌ ဒုတိယအကြိမ် ကောက်ယူခဲ့ရာ မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှု သိသာစွာလျော့ကျလာသည်ကို လက်တွေ့ကွင်းဆင်းကောက်ယူသော စစ်တမ်းများအရ တွေ့ရှိရကြောင်း၊ ဤစစ်တမ်းမှ တွေ့ရှိချက်များသည် အစိုးရသစ်၏ ဆက်လက်ဆောင်ရွက်မည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တွင် အခြေခံအချက်အလက်များအဖြစ် အသုံးပြုနိုင်မည်ဖြစ်သဖြင့် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း ပြောကြားသည်။

တက်ရောက်

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကံဇော်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်း၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်မှ အကြီးတန်း ဒုတိယဌာနေကိုယ်စားလှယ် Mr. Akba Usmani၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာသံရုံးများမှ တာဝန်ရှိသူများ၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲကို နံနက် ၁၀ နာရီမှ ညနေ ၅ နာရီခွဲအထိ ဆက်လက်ကျင်းပရာ ဆင်းရဲနွမ်းပါးမှုအခြေအနေ လေ့လာတင်ပြချက်၊ ထောင်စုနှစ် ဖွံ့ဖြိုးမှုပန်းတိုင်ဆိုင်ရာ သတင်းအချက်အလက်များ အစီရင်ခံစာနှင့် ဆင်းရဲနွမ်းပါးမှု ရွေ့လျားပြောင်းလဲခြင်းဆိုင်ရာ အစီရင်ခံစာတို့ကို ကနေဒါနိုင်ငံ Trent University မှ Professor Dr. Paul Shaffer က လည်းကောင်း၊ အရေအတွက် စစ်တမ်းအတွက် အရည်အသွေးနှင့် နည်းပညာဆိုင်ရာ အစီရင်ခံစာများနှင့် ရှေ့လုပ်ငန်းစဉ်များကို ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်မှ Senior Technical Advisor, Mr. Sten Backlund ကလည်းကောင်း အသီးသီးဆွေးနွေးကြသည်။

မေးမြန်းဆွေးနွေး

ယင်းအစီရင်ခံစာများအရ အိမ်ထောင်စု စားဝတ်နေရေး အခြေအနေ ဘက်စုံလေ့လာမှုစစ်တမ်း ပထမအဆင့် (၂၀၀၄-၂၀၀၅)နှင့် ယခု ဒုတိယအဆင့်(၂၀၀၉-၂၀၁၀)တို့ကို နှိုင်းယှဉ်ကြည့်ပါက ဆင်းရဲနွမ်းပါးမှု အခြေအနေမှာ ၂၀၀၄-၂၀၀၅ ခုနှစ်တွင် တစ်နိုင်ငံလုံး အတိုင်းအတာအရ ၃၂ ရာခိုင်နှုန်းရှိရာမှ ၂၀၀၉-၂၀၁၀ ခုနှစ်တွင် ၂၆ ရာခိုင်နှုန်းသို့ လျော့နည်းကျဆင်းလာကြောင်း သိရသည်။ အသားတင် ကျောင်းနေမှုနှုန်း၊ အသက်ငါးနှစ်အောက် ကလေးသူငယ်များ ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးနိုင်မှုအခြေအနေ၊ ကျွမ်းကျင်သော ကျန်းမာရေးဝန်ထမ်းများဖြင့် ကလေးမွေးဖွားမှု အချိုးအစား၊ သန့်ရှင်းသည့် သောက်သုံးရေရရှိနိုင်မှု အခြေအနေများ ပိုမိုတိုးတက်ကောင်းမွန်လာပြီး အစားအစာနွမ်းပါးမှု အခြေအနေ၊ ကိုယ်ဝန်ဆောင်မိခင် သေဆုံးမှုများ လျော့နည်းကျဆင်းသည်ကို တင်ပြကြရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ဆက်လက်၍ ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်မှ အကြီးတန်း ဒုတိယဌာနေကိုယ်စားလှယ် Mr. Akba Usmani က အလုပ်ရုံဆွေးနွေးပွဲအပေါ် သုံးသပ်ဆွေးနွေးပြီး ဒုတိယဝန်ကြီး ဒေါက်တာကံဇော်က နိဂုံးချုပ် အမှာစကားပြောကြားကာ ဆွေးနွေးပွဲကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မွန်ပြည်နယ်ဝန်ကြီးချုပ် သစ်ပင်စိုက်ပျိုးပွဲ တက်ရောက်

နေပြည်တော် ဇွန် ၆

ချောင်းဆုံမြို့နယ်အတွင်းရှိ ပြည်သူလူထု၏ ကျန်းမာရေး၊ ပညာရေးနှင့် စီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်နှင့် ပြည်သူလူထု၏ ယုံကြည်ကိုးစားမှု အပြည့်အဝရရှိအောင် ဝန်ထမ်းများအနေဖြင့် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ နေထိုင်လုပ်ကိုင် ဆောင်ရွက်သွားကြရန် ဇွန် ၃ ရက် နံနက် ၉ နာရီခွဲတွင် ချောင်းဆုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် တွေ့ဆုံပွဲအခမ်းအနားတွင် မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအုန်းမြင့်က ဆွေးနွေးမှာကြားခဲ့သည်။

အားပေးစကားပြောကြား

ဆက်လက်၍ ချောင်းဆုံမြို့နယ် ပြည်သူ့ဆေးရုံ၊ ရွာလွတ်စံပြကျေးရွာ ရော်ဘာ အခြေခံစက်မှုလုပ်ငန်းနှင့် ရွာလွတ်တိုက်နယ် ပြည်သူ့ဆေးရုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံ၌ တက်ရောက်ဆေးကုသမှု ခံယူနေကြသော လူနာများအား အလှူငွေများ ပေးအပ်ကာ ရင်းရင်းနှီးနှီး အားပေးစကားပြောကြားခဲ့သည်။

အလယ်တန်းကျောင်း (ခွဲ)သို့ လည်းကောင်း ရောက်ရှိပြီး ဘိုးနက်ကျေးရွာအခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ ကျောင်းဝင်း စိမ်းလန်းစိုပြည်သာယာလှပရေး ဆောင်ရွက်ထားရှိမှုနှင့် ပြည်သူလူထုက ငွေကျပ် ၆၅ သိန်း အကုန်အကျခံကာ စုပေါင်းလှူဒါန်းဆောက်လုပ်ပြီးစီးခဲ့သည့် ဂန္ဓမာစာသင်ဆောင်တို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ကြည့်ရှုအားပေး

ပြည်နယ်ဝန်ကြီးချုပ်သည် ဇွန် ၅ ရက် နံနက် ၈ နာရီတွင် မော်လမြိုင်မြို့ ကော့ကမယ်အခြေခံပညာ အထက်တန်းကျောင်းဝင်း၌ ကျင်းပသည့် ၂၀၁၁ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်၍ ပြည်နယ်ဝန်ကြီးများ၊ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်နှင့် မဟော်ဂနီ အပါအဝင် အပင် ၁၁ မျိုး စုစုပေါင်း ၈၄၂ ပင်ကို စိုက်ပျိုးပေးပြီး သစ်ပင်စိုက်ပျိုးပွဲကို လှည့်လည် ကြည့်ရှုအားပေးခဲ့သည်။

ယင်းနောက် မုဒုံမြို့နယ် သာယာကုန်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်း အလျားပေ ၁၂၀ နှင့် အနံပေ ၃၀ ရှိ RC တစ်ထပ် တည်ဆောက်ရေး လုပ်ငန်းခွင်၊ ဘဲရမ်းစံပြကျေးရွာ အဆင့်မြင့်ကုန်ထုတ်လယ်ယာမြေမှ တောင်သူဦးဘသိန်း၏ လယ်မြေ၌ ပျိုးပင်များ ပျိုးထောင်ထားရှိမှု၊ သဘာဝမြေသြဇာ ကြဲပက်နေမှုနှင့် လယ်ယာ (၁၆) ထွန်စက်ဖြင့် ထွန်ယက်နေမှုတို့ကို ကြည့်ရှုအားပေးပြီး နားခိုဆောင်တွင် တောင်သူများနှင့် တွေ့ဆုံခဲ့သည်။

ထို့နောက် ညောင်ကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း အလျားပေ ၁၂၀ နှင့် အနံပေ ၃၀ ရှိ RC တစ်ထပ်တိုးချဲ့ဆောင်သစ် တည်ဆောက်ရေးလုပ်ငန်းခွင်နှင့် မုဒုံကန်ကြီး နှစ်ထပ်ရေပေါ်ဆောင် တည်ဆောက်ရေးလုပ်ငန်းခွင်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့် မော်လမြိုင်မြို့ ကော့ကမယ် အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသည့် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်အားပေးစဉ်။ (သတင်းစဉ်)

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် မွန်းလွဲပိုင်းတွင် ရွာလွတ်အခြေခံပညာအထက်တန်းကျောင်းသို့ လည်းကောင်း၊ ညနေပိုင်းတွင် ဘိုးနက်ကျေးရွာ အခြေခံပညာ

မြဝတီရုပ်မြင်သံကြား

၇-၆-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၇:၀၄	၃။	နိုင်ငံတော်သီချင်း
၇:၀၅	၄။	တရားတော်
၇:၁၅	၅။	ဓမ္မပူဇာတေး
၇:၂၀	၆။	မျိုးချစ်တပ်မတော်
၇:၂၅	၇။	မြန်မာ့ရှုခင်း
၇:၃၀	၈။	မြန်မာသံစဉ် ချိုနားဝင်
၇:၄၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၂။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၄:၀၄	၃။	နိုင်ငံတော်သီချင်း
၄:၀၅	၄။	အဖွင့်သီချင်း
၄:၁၀	၅။	အမျိုးသားရေးတေးကဗျာ
၄:၁၅	၆။	မျိုးချစ်တပ်မတော်
၄:၂၀	၇။	မြဝတီရုပ်မြင်သံကြား မင်္ဂလာဇာင်းကဏ္ဍ
၄:၂၅	၈။	အလွမ်းတေးပန်းချီချစ်သူဆီ
၄:၄၅	၉။	အင်္ဂလိပ်စာသုတ
၄:၅၅	၁၀။	မြန်မာသံစဉ်ချိုနားဝင်
၅:၁၀	၁၁။	သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၀	၁၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဟာသလွှင်ပြင်** (အပိုင်း -၈)
၆:၀၀	၁၃။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၄။	အမျိုးသားရေးတေးကဗျာ
၆:၁၅	၁၅။	ဘောလုံးဟာသနှင့် ဂန္ထဝင်ဂိုး(၅၀၀)
၆:၂၅	၁၆။	အောင်မြင်ခြင်းလမ်းမ
၇:၀၀	၁၇။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ငွေတိုက်ပွဲ** (အပိုင်း-၁၆)
၈:၀၀	၁၈။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	ဒို့တာဝန်အရေး(၃)ပါး
	၂၁။	နိုင်ငံတကာသတင်း
	၂၂။	မိုးလေဝသသတင်း
	၂၃။	မွေးမြူသုတ
	၂၄။	ဟာသရုပ်စုံ
	၂၅။	သီချင်းလက်ဆောင်
	၂၆။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၇။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပေါင်မုန့်အချစ် အိပ်မက်ကလေးရယ်** (အပိုင်း-၇)
	၂၈။	Mini Series

ကြို့ပင်ကောက်၌ ဝက်နားရွက်ပြာ ရောဂါအကြောင်း ဆွေးနွေးဟောပြော

ကြို့ပင်ကောက် ဇွန် ၆

ကြို့ပင်ကောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးခန်းမတွင် မေ ၁၆ ရက် မွန်းလွဲ ၁ နာရီခွဲက ဝက်နားရွက်ပြာရောဂါအကြောင်း ဆွေးနွေးပွဲကျင်းပရာ လေ့ကျင့်ပညာပေးရေးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ ခင်ဆွေဝင်းက ဝက်နားရွက်ပြာရောဂါကူးစက်ပြန့်ပွားပုံ၊ ရောဂါကာကွယ်ထိန်းချုပ်ပုံနှင့် ရောဂါရှာဖွေရေးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ မြင့်မြင့်သန်းက ရောဂါဖြစ်ပွားလာပါက လုပ်ဆောင်ရမည့် လုပ်ငန်းအဆင့်ဆင့်တို့ကို ဆွေးနွေးဟောပြောကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

❍ *ကျောဖုံးမှ*

သရုပ်ပြ

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး အား မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ် လက်ရွေးစင်အားကစားသမားများက လက်ရည်စမ်းပြိုင်ပွဲများ ယှဉ်ပြိုင် ထိုးသတ်၍လည်းကောင်း၊ မြန်မာ နိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်မှ လက်ရွေးစင် အားကစားသမားများ က အမျိုးသား/အမျိုးသမီးတစ်ဦး ချင်း ကကွက်ပြိုင်ပွဲများ၊ အဖွဲ့လိုက် ကကွက်ပြိုင်ပွဲများနှင့် အမျိုးသား/ အမျိုးသမီး အတိုက်ပြိုင်ပွဲများဖြင့် လည်းကောင်း၊ မြန်မာနိုင်ငံ တိုက် ကွမ်ဒိုအဖွဲ့ချုပ်မှ လက်ရွေးစင် အားကစားသမားများက အမျိုး သား/ အမျိုးသမီးအတိုက်ပြိုင်ပွဲ များ၊ ကကွက် ပြိုင်ပွဲများဖြင့် လည်း ကောင်း သရုပ်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး သည် သရုပ်ပြကွက်တစ်ခုစီအတွက် ဖြည့်ဆည်းမှာကြားပြီး အားကစား သမားများ၏ သက်လုံစွမ်းရည် ပိုမို တိုးတက်စေရေး လေ့ကျင့်ပေးရန်၊ အားကစားသမားများ အနေဖြင့် စည်းကမ်းရှိရှိ လေ့ကျင့်နေထိုင် သွားလာကြရန်နှင့် စခန်းအတွင်း ထုတ်ပြန်ထားသော စည်းကမ်းများ အတိုင်းတိတိကျကျ နေထိုင်သွားကြ ရန် မှာကြားကာ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိ သည်။ **(သတင်းစဉ်)**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Kim Hae-yong နှင့် ပထမအတွင်းဝန် Mr. Park Kil Chae တို့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီးဒေါက်တာဖေသက်ခင်အား ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီးလာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၆

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေသက်ခင်အား ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Kim Hae-yong နှင့်ပထမအတွင်းဝန် Mr. Park Kil Chae တို့သည် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ကျန်းမာ ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက် တွေ့ဆုံသည်။

ဆွေးနွေး

ထိုသို့တွေ့ဆုံရာ၌ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ် အရ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ၊ သုတေသနလုပ်ငန်း များ၊ ဓာတ်ခွဲခန်း အဆင့်မြှင့်တင်ရေး လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန် ကိစ္စရပ်များ၊ မြန်မာနိုင်ငံမှ ကျန်းမာ ရေး ဝန်ထမ်းများ ကိုရီးယားသမ္မတ နိုင်ငံတွင် ဆေးဘက်ဆိုင်ရာအထူးပြု ဘာသာရပ်များ လေ့ကျင့်သင်ကြား ရေး ကိစ္စရပ်များနှင့် ကိုရီးယား သမ္မတနိုင်ငံမှ ဆေးကုသရေးအဖွဲ့ဝင် များ မြန်မာနိုင်ငံသို့ လာရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း များပူးပေါင်းဆောင်ရွက်ရန်ကိစ္စရပ် များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရေနံချောင်းနှင့်ချောက်မြို့နယ်တို့၌ အားကစားလုပ်ငန်းများ ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ ဆွေးနွေးမှာကြား

နေပြည်တော် ဇွန် ၆

အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူသည် ဇွန် ၄ ရက် ညနေပိုင်းတွင် ရေနံချောင်းမြို့သို့ ရောက်ရှိကာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ဧည့်ခန်းမ၌ မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဝင်များ နှင့်တွေ့ဆုံ၍ အားကစားနှင့်ပညာရေးပေါင်းစပ်ကာ အားကစားလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက် ကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ချောက်မြို့သို့ ရောက်ရှိကာ မြို့နယ်ဧည့်ရိပ်သာခန်းမ၌ မြို့နယ်အားကစားနှင့် ကာယပညာ ကော်မတီဝင်များနှင့်တွေ့ဆုံ၍ အားကစားနှင့်ပညာရေး ပေါင်းစပ်ဆောင်ရွက်ပေးရန်နှင့် ယှဉ်ပြိုင်အားကစားကို ကျောင်းသားလူငယ်များ အားတက်သရောရှိလာစေရေး ပြုစုပျိုးထောင်ပေးကြရန် တိုက်တွန်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အားကစားမြှင့်တင်စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင် ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန အရာထမ်းများအတွက် ရုံးသုံးအင်္ဂလိပ်စာ အရေးအသားကျွမ်းကျင်မှုသင်တန်း (၂/၂၀၁၁)သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အရာထမ်းများအတွက် ရုံးသုံးအင်္ဂလိပ်စာ အရေးအသားကျွမ်းကျင်မှုသင်တန်းဖွင့်

နေပြည်တော် ဇွန် ၆

ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန အရာထမ်းများ အတွက် ရုံးသုံးအင်္ဂလိပ်စာ အရေး အသား ကျွမ်းကျင်မှုသင်တန်း (၂/၂၀၁၁) သင်တန်းဖွင့်ပွဲ အခမ်း အနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီး သွားလာရေးလုပ်ငန်း ဝန်ကြီးဌာန စုပေါင်း အစည်းအဝေးခန်းမ (ကျောက်စိမ်းခန်းမ)၌ ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင် တက်ရောက် အမှာ စကားပြောကြားသည်။

တက်ရောက်

အဆိုပါ သင်တန်းသို့ သင်တန်း သား သင်တန်းသူ ၂၀ တို့ တက် ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ် ကြာမြင့်မည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း ပြည်တွင်းအားကစား ပြည်တွင်းအားကစား

ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၆

၂၀၁၁ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ် (၁၆)ကြိမ်မြောက် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဇွန် ၂၄ ရက်မှ ၃၀ ရက်အထိ လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ပိုက်ကျော်ခြင်း အားကစားပြိုင်ပွဲရုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ဆုကြေးများကို ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲ၌ အမျိုးသား(အလွတ်တန်း/လူသစ်တန်း) အဖွဲ့လိုက် ပြိုင်ပွဲများတွင် ပထမဆုကြေးငွေ ကျပ်နှစ်သိန်း၊ ဒုတိယဆုကြေးငွေ ကျပ်တစ်သိန်းခွဲ၊ တတိယဆုကြေးငွေကျပ် တစ်သိန်း၊ အမျိုးသား (အလွတ်တန်း/ လူသစ်တန်း) နှစ်ယောက်တွဲပြိုင်ပွဲများတွင် ပထမဆုကြေးငွေကျပ်တစ်သိန်းခွဲ၊ ဒုတိယဆုကြေး ငွေကျပ်တစ်သိန်း၊ တတိယဆုကြေးငွေကျပ် ၇၅၀၀၀၊ အမျိုးသမီး အလွတ်တန်းအဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမ ဆုကြေး ငွေကျပ်တစ်သိန်းခွဲ၊ ဒုတိယဆုကြေးငွေကျပ်တစ်သိန်း၊အမျိုးသမီး အလွတ်တန်း နှစ်ယောက်တွဲပြိုင်ပွဲ တွင် ပထမဆုကြေးငွေကျပ်တစ်သိန်းနှင့် ဒုတိယဆုကြေးငွေကျပ် ၇၅၀၀၀ အသီးသီးချီးမြှင့်မည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်အသင်းတိုင်းသည် ပြိုင်ပွဲဝင်ဝတ်စုံပြည့်ဖြင့် ရိုက်ကူးထားသော အသင်းလိုက် ဓာတ်ပုံတစ်ပုံကို ပြိုင်ပွဲဝင်ခွင့် လျှောက်လွှာပုံစံနှင့်အတူ ဇွန် ၂၀ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ရှိ ပြိုင်ပွဲကျင်းပရေးကော်မတီသို့ပေးပို့ရမည်ဖြစ်ပြီး ပြိုင်ပွဲ ပွဲစဉ်ရေးဆွဲရေးလုပ်ငန်းနှင့် အသင်း အုပ်ချုပ်သူများ အစည်းအဝေးကို ဇွန် ၂၂ ရက် နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မေ ၃၀ ရက်က မဟာမုနိဘုရားကြီး (၈၃)ကြိမ်မြောက် ဝါဆိုခြင်းအလှခတ်ပွဲတော် ဖွင့်ပွဲကို ဘုရားကြီးအနောက်ဘက် ၄၅ တာ ဝါဆိုခြင်းလုံးအားကစားရုံတွင် ကျင်းပရာ တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (ကျင်းပရေးကော်မတီ)

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာ့သိုင်း ပါဝင်ယှဉ်ပြိုင်မည်

ရန်ကုန် ဇွန် ၆

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပါဝင် ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်က ပဏာမသိုင်းလက်ရွေးစင် ၂၀ကို ရွေးချယ်လေ့ကျင့်ပေးလျက်ရှိသည်။

ပါဝင်ယှဉ်ပြိုင်မည်

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ထည့်သွင်းကျင်းပမည့် အတိုက်၊ အပြ ပြိုင်ပွဲနှစ်မျိုးစလုံး၏ တစ်ဦးချင်း ပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲများနှင့် အသင်းလိုက်ပြိုင်ပွဲများ၌ မြန်မာ့သိုင်း လက်ရွေးစင်များ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေးနှင့် ဆုတံဆိပ်များ ရရှိရေးအတွက် ပြင်းပြင်းထန်ထန် လေ့ကျင့်လျက်ရှိ ကြောင်း သတင်းရရှိသည်။ *(သတင်းစဉ်)*

မြန်မာဂေါက်သီးရိုက်အသင်း နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဇွန် ၆

မြန်မာဂေါက်သီးရိုက်အသင်း ၏ နှစ်ပတ်လည် အထွေထွေ အစည်းအဝေးကို ဇွန် ၂၅ ရက် နံနက် ၉ နာရီခွဲတွင်လည်းကောင်း၊ အလုပ်အမှုဆောင်သစ် ရွေးချယ် ပွဲကို ယင်းနေ့ နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအထိ လည်းကောင်း ရန်ကုန်မြို့ ၉မိုင် ပြည်လမ်းရှိ မြန်မာဂေါက်သီးရိုက်အသင်း၌ ကျင်းပမည်ဖြစ်ရာ အသင်းသား များ မပျက်မကွက် တက်ရောက် ကြရန် အလုပ်အမှုဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သိရှိရ သည်။ ***(သတင်းစဉ်)***

မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းမည်

နေပြည်တော် ဇွန် ၆

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် မြန်မာ နိုင်ငံမြောက်ပိုင်း(တစ်ပြည်လုံး)သို့ ဝင်ရောက်ခဲ့ပြီးဖြစ်သည်။ စစ်ကိုင်းတိုင်း ဒေသကြီးအောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်း ဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင် ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်း ရွာခဲ့ပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ် တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

ဇွန် ၇ ရက် ညနေအထိခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်း ကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ် နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေအားအသင့်အတင့် မှ အားကောင်းမည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် – စုစည်းသည်

နိုင်ရိုဘီမြို့၌ ဓာတ်ငွေ့ဆိုင် ပေါက်ကွဲမီးလောင် တစ်ဦးသေဆုံး၊ ၂၈ ဦး ဒဏ်ရာရရှိ

နိုင်ရိုဘီ ဇွန် ၆

ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့တွင် ဇွန် ၅ ရက်က ဓာတ်ငွေ့အရောင်းဆိုင်တစ်ဆိုင် ပေါက်ကွဲမီးလောင်မှုဖြစ်ပွားရာ တစ်ဦးသေဆုံးပြီး ၂၈ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ကင်ညာအရာရှိများက ဇွန် ၆ ရက်၌ ပြောကြားသည်။ **(အောက်ပုံ)**

ဖြစ်နိုင်

ဓာတ်ငွေ့အရောင်းဆိုင်အတွင်းသို့ ဒုံးကျည်တစ်စင်း ပစ်သွင်းခြင်းကြောင့် သို့မဟုတ် ဗုံးထောင်ဖောက်ခွဲတိုက်ခိုက်ခြင်းကြောင့် ထိုသို့ပေါက်ကွဲမီးလောင်ခြင်းဖြစ်နိုင်ကြောင်း နိုင်ရိုဘီမြို့ရဲတပ်ဖွဲ့က ပြောကြားသည်။

စစ်ဆေး

ထိုသို့ ဓာတ်ငွေ့အရောင်းဆိုင် ပေါက်ကွဲမီးလောင်မှုကြောင့် အနီးဝန်းကျင်ရှိ အဆောက်အအုံများနှင့် မော်တော်ယာဉ်များ ထိခိုက်ပျက်စီးခဲ့ကြောင်း၊ ဒဏ်ရာရရှိသူများအား ဆေးရုံသို့ တင်ပို့ပေးခဲ့ကြောင်း၊ ပေါက်ကွဲမီးလောင်မှုနှင့်ပတ်သက်ပြီး ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(အင်တာနက်)**

ရုရှားနိုင်ငံ ဆိုက်ဘေးရီးယားဒေသ၌ သစ်တောဟက်တာ ၂၀၀၀၀ကျော် မီးလောင်ကျွမ်း

မော်စကို ဇွန် ၆

ရုရှားနိုင်ငံ ဆိုက်ဘေးရီးယားဒေသတွင် တောမီးများလောင်ကျွမ်းလျက်ရှိရာ သစ်တော ၂၆၀၅၅ ဟက်တာခန့် မီးဘေးသင့်ခဲ့ကြောင်း ရုရှားနိုင်ငံ အရေးပေါ်ကယ်ဆယ်ရေးဝန်ကြီးဌာနက ဇွန် ၆ ရက်၌ သတင်းထုတ်ပြန်သည်။

ရင်ဆိုင်နေ

ဆိုက်ဘေးရီးယားဒေသတွင် ပြီးခဲ့သည့် ၂၄ နာရီအတွင်း တောမီးများ လောင်ကျွမ်းနေမှုကြောင့် အိုင်ရာကတ်အရပ်နှင့် ကရပ်စ်နိုယက်စ်အရပ်များမှာ တောမီးကူးစက်မည့်အန္တရာယ်နှင့် ရင်ဆိုင်နေရကြောင်း ၄င်းသတင်း၌ ဖော်ပြသည်။ **(အပေါ်ပုံ)**

သေဆုံးခဲ့ရ

ရုရှားနိုင်ငံ ဆိုက်ဘေးရီးယားဒေသတွင် ပြီးခဲ့သည့်နွေရာသီကာလမှ ဇွန် ၅ ရက်အထိ တောမီးလောင်ကျွမ်းမှုကြောင့် နေအိမ်များစွာ မီးဘေးသင့်ခဲ့ပြီး ဒေသခံ ၆၂ ဦး သေဆုံးခဲ့ရသည်။ **(အင်တာနက်)**

အမေရိကန်တို့ မောင်းသူမဲ့ လေယာဉ်ဖြင့် တိုက်ခိုက် ပါကစ္စတန် ပြည်သူ ၁၆ ဦး သေဆုံး

ဒါရာအစ္စမေးလ်ခမ်း(ပါကစ္စတန်) ဇွန် ၆

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်းတွင် ဇွန် ၆ ရက်က အမေရိကန်တို့၏ ဒုံးကျည်လက်နက်ဖြင့် တိုက်ခိုက်မှုကြောင့် အနည်းဆုံး ၁၆ ဦး သေဆုံးခဲ့ရကြောင်း ပါကစ္စတန်ထောက်လှမ်းရေးအဖွဲ့က ပြောကြားသည်။

ပြောကြား

တောင်ဝါဇီရစ္စတန် လူမျိုးစုဒေသအတွင်း အမေရိကန်တို့က မောင်းသူမဲ့ ဒုံးကျည်လက်နက်များဖြင့် ပစ်ခတ်ခဲ့ကြောင်း၊ သေဆုံးသူများသည် မည်သူမည်ဝါဖြစ်သည်ကို အတည်မပြုနိုင်သေးကြောင်း ပါကစ္စတန် တာဝန်ရှိသူများက ပြောကြားသည်။

ယင်းတိုက်ခိုက်မှုသည် မေ ၂ရက်က မြို့တော် အစ္စလမ္မာဘတ်မြို့အနီး အဘုတ်တာဘတ်မြို့၌ နာမည်ကြီး အယ်လ်ခိုင်ဒါခေါင်းဆောင် တစ်ဦးအား အမေရိကန်တပ်များက ဝင်တိုက်ပြီးနောက် ပထမဆုံးအကြိမ် တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ **(အပေါ်ပုံ)** အဆိုပါဒေသအတွင်း ပါကစ္စတန်တပ်များက လက်နက်ကိုင်များအား ၂၀၀၉ ခုနှစ်မှစ၍ ထိုးစစ်ဆင်တိုက်ခိုက်နေသောဒေသဖြစ်သည်။ သို့သော် အယ်လ်ခိုင်ဒါနှင့် တာလီဘန်တိုက်ခိုက်ရေးသမားများ ကျန်ရှိနေဆဲဖြစ်သည်။ **(အင်တာနက်)**

နိုင်ငံတကာဂီတ နိုင်ငံတကာဂီတ နိုင်ငံတကာဂီတ

ဘာရာဇီးဂီတဖြင့် အာရှတွင် လင်းလက်ခဲ့သူ လီဆာအိုနို

တိုကျို ဇွန် ၆

အာရှတွင် ရေပန်းအစားဆုံး၊ လူကြိုက်အများဆုံး အမျိုးသမီးအဆိုတော်တစ်ဦးကို ပြောရလျှင် လီဆာအိုနို (Lisa Ono)(အပေါ်ပုံ)ကိုပြောရပေလိမ့်မည်။ သူမသည် အာရှတွင် ရေပန်းအစားဆုံးအဆိုတော်ဖြစ်သော်လည်း အာရှတိုက်သူစစ်စစ်တော့မဟုတ်။ တောင်အမေရိကတိုက်သူဖြစ်၏။

မြင့်မောင်စိုး ရေးသားသည်

အဆိုတော် လီဆာအိုနိုကို ၁၉၆၂ ခုနှစ် ဇူလိုင် ၂၉ ရက်တွင် ဘရာဇီးနိုင်ငံ ဆော်ပေါလိုမြို့၌ မွေးဖွားခဲ့သည်။ သို့သော် အသက် ၁၀ နှစ်တွင်မှ ဘရာဇီးမှ အာရှ၏ခေတ်အမီဆုံး မြို့တစ်မြို့ဖြစ်သည့် တိုကျိုမြို့သို့ မိသားစုနှင့်အတူ ပြောင်းရွှေ့ခဲ့ကြသည်။ ထိုအချိန်မှစ၍ သူမသည် နှစ်စဉ်နှစ်တိုင်း ဘရာဇီးတွင် နှစ်ဝက်နေပြီး တိုကျို၌ နှစ်ဝက်နေထိုင်ခဲ့သည်။ သူမသည် ဘရာဇီးတွင် ယာယီမျှသာ နေထိုင်ခဲ့သည်။

ပျံ့နှံ့

အဆိုတော် လီဆာအိုနိုသည် ဖခင်ဖြစ်သူ၏ မြေတောင်မြှောက်ပေးမှုဖြင့် ဂျပန်၌ ဂီတလောကကို စတင်ခြေချနိုင်ခဲ့ပြီး ဘရာဇီးနိုင်ငံ၌ ရေပန်းစားသည့် MPB ဂီတအမျိုးအစား တစ်မျိုးသည်လည်း ဂျပန်နိုင်ငံနှင့် အာရှသို့ပျံ့နှံ့သွားခဲ့သည်။ လီဆာသည် အသက် ၁၅ နှစ်အရွယ်တွင် သီချင်းစဆိုပြီး ဂစ်တာကိုလည်း တီးခတ်နိုင်ခဲ့သည်။ ၁၉၈၉ ခုနှစ်တွင် ဘရာဇီးဂီတဘော့ဆာနိုဗာ (Bossa Nova) အဆိုတော်အဖြစ် လူသိများလာခဲ့သည်။ ထိုဘော့ဆာနိုဗာဂီတနှင့် သူမ၏အပြုံးကြောင့် အာရှ၏ထိပ်တန်း အဆိုတော်တစ်ဦးဖြစ်လာခဲ့သည်။

ရောင်းချခဲ့ရ

သူမသည် ကမ္ဘာကျော်ထိပ်တန်းအဆိုတော်များဖြစ်ကြသည့် အန်တိုနီယိုကားလို့စ် ဂျိုဘင်မ် (Antonio Carlos Jobim)၊ ဂျော်ယိုဒိုနာတို (Joao Donato)တို့နှင့်အတူ နယူးယောက်၊ ဘရာဇီးနှင့်အာရှနိုင်ငံများသို့ လှည့်လည်ဖျော်ဖြေခဲ့သည်။ ၁၉၉၉ ခုနှစ်တွင် Dream အမည်ရှိ တေးအယ်လ်ဘမ်ထွက်ရှိခဲ့ရာ တေးစီဒီအချပ်ပေါင်း နှစ်သိန်းကျော် ရောင်းချခဲ့ရသည်။

ထွက်ရှိ

သူမ၏ Nara အမည်ရှိ တေးအယ်လ်ဘမ်သည် ၁၉၉၁ ခုနှစ်တွင် ဂရင်းပရီဂီတဆုဆွတ်ခူးနိုင်ခဲ့သလို ၁၉၉၂ ခုနှစ်တွင်လည်း Menina အမည်ရှိ အယ်လ်ဘမ်ဖြင့် ဂရင်းပရီ ရွှေတံဆိပ်ဆုဆွတ်ခူးနိုင်ခဲ့သည်။ လီဆာသည် ဂျပန်၊ အာရပ်၊ ဘရာဇီး၊ ပြင်သစ်နှင့်အင်္ဂလိပ်ဘာသာစကားများဖြင့် တေးအယ်လ်ဘမ်မြောက်မြားစွာ ထွက်ရှိခဲ့သည်။ ၂၀၁၀ ခုနှစ်အထိ တေးအယ်လ်ဘမ် ၂၂ ခု ထွက်ရှိထားသည်။ သူမသည် အာရှမြို့ကြီးများဖြစ်သည့် တိုကျို၊ ပေကျင်း၊ ရှန်ဟိုင်း၊ ဟောင်ကောင်၊ ဗန်ကောက် စသောမြို့ကြီးများတွင် လှည့်လည် ဖျော်ဖြေနေသူလည်း ဖြစ်သည်။

ပြီးခဲ့သည့် မေ ၃၀ ရက်က တရုတ်နိုင်ငံပေကျင်းမြို့ ၄က်သိုက်အားကစားကွင်းကြီး၌ နောက်ဆုံးလာရောက်ဖျော်ဖြေခဲ့သည်။ ထို့ကြောင့် အဆိုတော် လီဆာအိုနိုသည် ဘရာဇီးဂီတဖြစ်သည့် ဘော့ဆာနိုဗာဂီတဖြင့် အာရှတွင် လူသိများကျော်ကြားခဲ့သူဖြစ်ပါကြောင်း။ ။

ကိုးကား–အင်တာနက်

နိုင်ငံတကာအားကစား

မောင်ချစ်ကြည်–ရေးသည်



ပြင်သစ်အိုးပင်းတင်းနစ် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ ရာဖေးလ်နာဒယ် ဖလားဆွတ်ခူး

ပါရီ ဇွန် ၆

*ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲအဖြစ် ကမ္ဘာ့အဆင့်တစ် ရာဖေးလ်နာဒယ် **(အပေါ်ပုံ)**နှင့် ကမ္ဘာ့အဆင့်သုံး ရော်ဂျာဖက်ဒဲရားတို့ ဇွန် ၅ ရက်က ယှဉ်ပြိုင်ကစားရာ ရာဖေးလ်နာဒယ်က အနိုင်ရပြီး ဆုဖလားဆွတ်ခူးနိုင်ခဲ့သည်။*

ဆွတ်ခူးရရှိ

အသက် ၂၅ နှစ်အရွယ်ရှိ ရာဖေးလ်နာဒယ်သည် ရော်ဂျာဖက်ဒဲရားအား ၇-၅၊ ၇-၆(၇-၃)၊ ၅-၇၊ ၆-၁ ဖြင့် အနိုင်ရရှိအောင် ၃ နာရီ ၃၉ မိနစ်ကြာမျှ ယှဉ်ပြိုင်ကစားခဲ့ရသည်။ ယခုဆုဖလား ရရှိခြင်းသည် ရာဖေးလ်နာဒယ်အတွက် ပြင်သစ်အိုးပင်းတင်းနစ်ဖလားကို (၆)ကြိမ်မြောက် ဆွတ်ခူးရရှိခြင်းဖြစ်သည်။

ရာဖေးလ်နာဒယ် ယခုဖလားရရှိခြင်းသည် ဂရင်းဆလမ်းပြိုင်ပွဲများ၌ (၁၀) ကြိမ်မြောက် ဆုဖလားရရှိခြင်းလည်းဖြစ်သည်။ ထို့အတူ ဂရင်းဆလမ်း တင်းနစ်ပြိုင်ပွဲများ၌ ဆုဖလား (၁၀)ကြိမ်ရရှိသည့် တင်းနစ်ကစားသမားများအနက် ဒုတိယအသက်အငယ်ဆုံး ကစားသမားလည်း ဖြစ်လာခဲ့သည်။

*ဆွီဒင်တင်းနစ်ကစားသမား ဘိုဂျွန်ဘော့မှာ ဂရင်းဆလမ်းပြိုင်ပွဲများ၌ ဆုဖလား (၁၀)ကြိမ်ရရှိခဲ့စဉ်က ရာဖေးလ်နာဒယ်၏ အသက်ထက် ခြောက်လငယ်ကြောင်း သိရသည်။ **(အင်တာနက်)***

တောင်ကြီးတက္ကသိုလ် ကျောင်းသား ကျောင်းသူဟောင်းများ ရွှေရတုအထိမ်းအမှတ်ပွဲ ကျင်းပမည်

နေပြည်တော် ဇွန် ၆

၁၉၆၁ ခုနှစ် ရှမ်းပြည်နယ် ဥပစာကောလိပ်မှ တောင်ကြီးတက္ကသိုလ်အထိ တက်ရောက်ခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများ၏ ရွှေရတုအထိမ်းအမှတ်ပွဲကို ဇွန် ၁၈ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီမှ ၃ နာရီအထိ ရန်ကုန်မြို့ Y.M.C.A ခန်းမ (မဟာဗန္ဓုလလမ်းနှင့် သိမ်ဖြူလမ်းထောင့်)၌ ကျင်းပမည်ဖြစ်ပြီး ကျောင်းအုပ်ကြီးဟောင်း၊ ပါမောက္ခချုပ်ဟောင်း၊ ကျောင်းသားဟောင်းများနှင့် စာရေးဆရာကြီးတို့၏ ဟောပြောပွဲနှင့် အမှတ်တရဓာတ်ပုံမှတ်တမ်းပြခန်းတို့ဖြင့် ကျင်းပမည်ဖြစ်ရာ ဆရာဆရာမများ၊ ကျောင်းသားဟောင်းများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

ပေးပို့နိုင်

ထို့အပြင် အထိမ်းအမှတ်မဂ္ဂဇင်းကို ၂၀၁၁ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပမည့် အာစရိယပူဇော်ပွဲအမီ ထုတ်ဝေမည်ဖြစ်ရာ စာမူများနှင့် စီးပွားရေးကြော်ငြာများ ပေးပို့လိုပါက ဒေါက်တာသာညွှန့် ဖုန်း-၀၉-၈၀၃၃၄၄၆-၊ ဦးမြင့်လွင်ခိုင် ဖုန်း-၀၉-၅၀၄၆၈၉၉၊ ကိုကျော်ကျော်လွင် ဖုန်း-၀၉-၇၃၀၇၇၈၂၆၊ ကိုတင့်နိုင် ဖုန်း-၀၉-၅၀၃၂၂၈၈၊ ဦးသန်းဦး ဖုန်း-၀၅၂-၃၀၅၂၅ နှင့် ဒေါ်စီစီဝင်း ဖုန်း-၀၁-၅၅၆၇၃၇ တို့ထံ ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော် နေပြည်တော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ကဆောင်ရွက်သော ကျိုက္ကလွန်ဖွန်းဘုရားလမ်းထောင့် လမ်းကူးကွန်ကရစ် ရေထုတ်မြောင်းအား အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်နွဲ့နွဲ့ရီနှင့်အဖွဲ့ မေ ၂၉ရက်က ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မရမ်းကုန်းမြို့နယ် ခုနစ်မိုင် သာလာဝတီလမ်း အမှတ်(၉) ဘီနေ မိဘနှစ်ပါးအား ရည်စူး၍ ဒေါ်နီနီခိုင် မွေးနေ့အလှူအဖြစ် ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း၊ အတွင်းလူနာ (ကင်ဆာ) ဗဟိုသို့ အလှူငွေ ကျပ်တစ်သိန်းလှူဒါန်းရာ အတွင်းရေးမှူး ဦးထွန်းအေးနှင့် အဖွဲ့ဝင် ဦးမောင်မောင်အောင်တို့ လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

ကျောင်းအပ်နှံရေးနေ့ အခမ်းအနား ပန်းဘဲတန်း၌ကျင်းပ

ရန်ကုန် ဇွန် ၆

ရန်ကုန်အနောက်ပိုင်းခရိုင် ပန်းဘဲတန်းမြို့နယ်၏ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၂၇ ရက် နံနက် ၁၀ နာရီက ပန်းဘဲတန်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဇေကရီခန်းမတွင်ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးတင်မျိုးအောင်၊ အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးလွင်တို့က ကျောင်းအပ်နှံရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

ထို့နောက် မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများက စုစုပေါင်းငွေကျပ် ၁၃၀၀၀၀၀ တန်ဖိုးရှိ ကျောင်းဝတ်စုံ၊ ဗလာစာအုပ်၊ ဘောလ်ပင်နှင့် ကွန်ပါဘူး၊ ထီး၊ မိုးကာအင်္ကျီများကို ကျောင်းသားကျောင်းသူများအား ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

ပုဂံရှေးဟောင်းဘုရားပုထိုးများ ပြုပြင်ထိန်းသိမ်းရန်နှင့် ဘုရားကုန်းဟောင်းများအား ပြန်လည်တူးဖော်ထိန်းသိမ်းရန် လှူဒါန်းနိုင်

ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးကြပ်၍ ပုဂံဒေသရှိ ပြိုပျက်လျက်ရှိသော ရှေးဟောင်းစေတီပုထိုးများအား ရှေးမူလက်ရာမပျက် ပြန်လည်ပြုပြင် မွမ်းမံလျက်ရှိပါသည်။

ဘုရားစေတီတစ်ဆူချင်းပြုပြင်ရန် (၁၂၃)ဆူကျန်ရှိပြီး တစ်ဦးချင်းဖြစ်စေ၊ စုပေါင်းလှူဒါန်းမှုဖြင့်ဖြစ်စေ စေတနာရှင်များက လှူဒါန်းလျက်ရှိသည့်နည်းတူ နဝကမ္မအလှူငွေများကိုလည်းလက်ခံ၍ စုပေါင်းအလှူငွေဖြင့် ပြုပြင်ပေးလျက်ရှိပါသည်။

ပုဂံဒေသရှိ အချို့ဘုရားပုထိုးများမှာ ယိုယွင်းပြိုကျမြေခပျက်စီးခဲ့ရာ မြေကုန်းကြီးများသဖွယ် တည်ရှိနေသည့် အုတ်ကုန်းပေါင်း (၈၉၂)ကုန်းကိုလည်း ပြန်လည်တူးဖော်ပြီး ပုဂံဘုရားများပုံစံအတိုင်း ရှေးမူမပျက် ပြုပြင်တည်ထားလျက်ရှိပါသည်။

သို့ပါ၍ ပြိုပျက်လျက်ရှိသော ရှေးဟောင်းစေတီပုထိုးများ ပြုပြင်ရန်အတွက်လည်းကောင်း၊ ဘုရားကုန်းဟောင်းများ တူးဖော်ပြုပြင်ထိန်းသိမ်းရန်အတွက်လည်းကောင်း ပါဝင်လှူဒါန်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

လှူဒါန်းနိုင်သည့် နေရာဌာနများ

၁။ ယဉ်ကျေးမှုဝန်ကြီးဌာန
ရုံးအမှတ်(၃၅)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၂၁၄

၂။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန
ရုံးအမှတ်(၃၅)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၀၄၀၊ ၄၀၈၀၂၇

၃။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၊ ရန်ကုန်ဌာနခွဲ
၃၂-ဒီ၊ ခြောက်မိုင်ခွဲ၊ ပြည်လမ်း၊ ရန်ကုန်မြို့
ဖုန်း-၀၁-၅၁၅၀၅၄၊ ၅၁၂၁၃၇

၄။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲ၊ ပုဂံမြို့
ဖုန်း-၀၆၁-၆၀၂၆၉

၅။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၊ မန္တလေးဌာနခွဲ
မန္တလေးမြို့
ဖုန်း-၀၂-၇၆၁၅၂

အလှူမှာ စာမှာရှိ

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် ဇွန် ၆

အမေ့အိမ် စာကြည့်တိုက် မြိုင်မြို့နယ်၌ဖွင့်

ပခုက္ကူခရိုင် မြိုင်မြို့နယ် ဒေါင်အိုအုပ်စု လက်ပံအိုင်ကျေးရွာ အမေ့အိမ် စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲကို မေ ၁၇ ရက် နံနက် ၈ နာရီက ကျင်းပခဲ့ရာ စာကြည့်တိုက်အဆောက်အအုံသစ်ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မကွေးတိုင်းဒေသကြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးဝေလင်း၊ မြိုင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်တင်၊ အလှူရှင် ဦးထွန်းသူရဇော်-ဒေါ်မိုးမိုး (အမေ့အိမ်အဆင့်မြင့်ဘော်ဒါ)နှင့် မြိုင်မြို့နယ် အသင်းဥက္ကဋ္ဌ (ရန်ကုန်) ဗိုလ်မှူးကြီးတင်အောင်ဝင်း(ငြိမ်း)တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရှိရသည်။ (အောက်ပုံ)

(မြို့နယ် ပြန်/ဆက်)

ကျေးရွာစာကြည့်တိုက်သို့ စာအုပ်စာစောင်များလှူဒါန်း

အုတ်တွင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ဇွန် ၃ ရက်က ကျေးရွာစာကြည့်တိုက်အတွက်စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲကို ကျင်းပသည်။ ***(အပေါ်ပုံ)***

ပေးအပ်လှူဒါန်း

အဆိုပါလှူဒါန်းပွဲတွင် ဘုရားကြီးကုန်းကျေးရွာ ပညာတံခွန်စာကြည့်တိုက်အတွက် လှိုင်ကော်မြို့နေ အလှူရှင် ဦးကျော်မြင့် (တိုင်းရင်းဆေး)+ဒေါ်အေးကြည် မိသားစုတို့၏ ငွေကျပ် ငါးသိန်းတန်ဖိုးရှိ သုတ၊ ရသစာအုပ်စာစောင် ၁၈၅၀ကို အလှူရှင်များကိုယ်စား အစ်ကိုဖြစ်သူ ဦးကြည်အောင်က မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေမိုးထံသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

အလင်းအိမ်စာကြည့်တိုက် ပင်လည်ဘူးမြို့နယ်၌ဖွင့်

ကသာခရိုင် ပင်လည်ဘူးမြို့နယ် ကုန်းကြီးကျေးရွာ၌ အလင်းအိမ် စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲကို မေ ၂၄ ရက်က စာကြည့်တိုက်ရှေ့၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ စေတနာရှင်များက စာအုပ် စာစောင်နှင့် အလှူငွေများ ပေးအပ်လှူဒါန်းကြသဖြင့် ကျေးရွာစာကြည့်တိုက် ကော်မတီဥက္ကဋ္ဌနှင့် ကျေးရွာစာကြည့်တိုက်မှူးတို့က လက်ခံယူကြသည်။

တစ်ထပ်အဆောက်အအုံ

အဆိုပါ စာကြည့်တိုက်သည် သွပ်မိုး၊ ပျဉ်ကာ ပျဉ်ခင်း တစ်ထပ်အဆောက်အအုံဖြစ်ကြောင်း သိရှိရသည်။ *(မြို့နယ် ပြန်/ဆက်)*

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များလှူဒါန်းနိုင်

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာဗဟုသုတမြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိရာ စေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်စာစောင်များလှူဒါန်းလိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
သီပေါမြို့နယ်တရားရုံးတော်၌
၂၀၁၁ ခုနှစ် တရားမကြီးအမှုအမှတ်-၅

ဒေါ်နန်းမိုဆိုင် **နှင့်** ၁။ ဒေါ်ဖြူဖြူမြင့်(ခ)ဒေါ်အေးဖုန်း
၂။ ဦးခင်မောင်ဝင်း

တရားလို **တရားပြိုင်များ**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်၊ အေးသာယာရပ်ကွက်၊ နမ့်လန်ရွာ (ယခုနေရပ်လိပ်စာမသိ)ရပ်နေ ၁။ ဒေါ်ဖြူဖြူမြင့်(ခ)ဒေါ်အေးဖုန်း၊ ၂။ဦးခင်မောင်ဝင်းတို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်နန်းမိုဆိုင်က Light Truck ကားအမှတ် ၈ဃ/၃၄၈၆၊ စက်အမှတ် 2C 3614364 TOYOTA အမျိုးအစား P/U(4x2)(B) ကားနှင့် ကားငှားရမ်းခ ငွေကျပ် ၁၈ သိန်း (ကျပ်တစ်ဆယ့်ရှစ်သိန်းတိတိ)ရလိုမှု စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်းသည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၁ခုနှစ် ဇွန် ၂၇ရက် (၁၃၇၃ ခုနှစ် နယုန်လပြည့်ကျော် ၁၁ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၁ ခုနှစ် ဇွန် ၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဌေးဝင်း
မြို့နယ်တရားသူကြီး
သီပေါမြို့နယ်တရားရုံး။



ကျေးလက်တစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

ရေသယံဇာတထိန်းသိမ်းရေး ပိုစတာစိုက်ထူပွဲ ငပုတောမြို့နယ်၌ ကျင်းပ

ငပုတော ဇွန် ၆

ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနနှင့် ပုသိမ်ခရိုင်ငါးလုပ်ငန်းဦးစီးဌာနတို့၏ ကြီးကြပ်မှုဖြင့် ငပုတောမြို့နယ် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနတို့မှ ရေသယံဇာတထိန်းသိမ်းရေးပိုစတာစိုက်ထူပွဲကို မေ ၂၃ ရက် နံနက် ၁၀ နာရီက ငပုတောမြို့ ယုဇနလမ်းနှင့် မဂ္ဂင်လမ်းထောင့်၌လည်းကောင်း၊ မေ ၂၅ ရက် နံနက် ၁၀နာရီက ငပုတော-ပုသိမ်ကားလမ်းမထိပ်တွင်လည်းကောင်း ကျင်းပခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** (မြို့နယ် ပြန်/ဆက်)

ယဉ်ကျေးလိမ္မာသင်တန်း ဆုပေးပွဲ ကျင်းပ

ကြို့ပင်ကောက် ဇွန် ၆

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့ ဈေးချိုတောင်ရပ်ကွက် သောဘဏာရုံ ကျောင်းတိုက်တွင် နှလုံးလှ ကုသိုလ်ရှင်များအသင်းက ကြီးမှူး ကျင်းပသော ပထမအကြိမ် နှလုံးလှ ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာသင်တန်းဆုပေးပွဲနှင့်သက်ကြီးပူဇော်ပွဲ အခမ်းအနားကို မေ ၁၈ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

ဆုချီးမြှင့်

ရှေးဦးစွာ အသက်(၈၀)အထက် အဘိုးအဘွား ၅၂ ဦးအား တစ်ဦးလျှင် ငွေကျပ် ၉၀၀၀ နှုန်းဖြင့် ပူဇော်ကန်တော့ကြပြီး ဗုဒ္ဓဘာသာစာမေးပွဲ အောင်မြင်သော ကျောင်းသား ကျောင်းသူ ၁၉၂ ဦးအား ဆက်လက်ဆုချီးမြှင့်သည်။ **(အောက်ပုံ)**

ထို့နောက် ထူးချွန်ပထမဆုရရှိသော မောင်ကျော်ထက်လင်းအား အလှူရှင်တစ်ဦးဖြစ်သူ ဒေါ်ညွန့်ညွန့်ဝင်း (ဇွန်မုန့်ဆိုင်)က ငွေကျပ် ငါးသောင်းတန် ရွှေတံဆိပ်ဆု ချီးမြှင့်ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ဂုဏ်ပြုလွှာပေးအပ်

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ကျိုက်သလွန်စေတီတော်မြတ်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲအတွက် မေ ၂၃ ရက်က မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်း စက်တန်းရပ်ကွက်နေ ဦးဇော်မိုးလွင် - ဒေါ်နေမျိုးလွင် မိသားစုက အလှူငွေကျပ် ခြောက်သိန်းငါးသောင်း ပေးအပ်လှူဒါန်းရာ ဘုရားဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးဆန်းမြင့်နှင့် ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်းတို့ လက်ခံယူပြီး အလှူရှင်မိသားစုအား ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။

(၁၀၇)

ပညာသင်ထောက်ပံ့ကြေးပေးအပ်

မော်လမြိုင်ကျွန်း ဇွန် ၆

မော်လမြိုင်ကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် ပညာသင်စရိတ် ထောက်ပံ့ငွေပေးအပ်ပွဲကို မေ ၃၁ ရက် နံနက် ၈ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မော်ဧရာခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးမောင်က အမှာစကားပြောကြားပြီး ဝန်ထမ်းသားသမီး ၅၆ ဦးတို့အတွက် ပညာသင်စရိတ်ထောက်ပံ့ငွေကျပ် ၂၇၅၀၀၀ နှင့် ကျောင်းသုံးဗလာစာအုပ် ၅၆ ဒါဇင်တို့ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးမောင်က ဝန်ထမ်းသားသမီးတစ်ဦးချင်းသို့ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** (၀၆၅)

မြို့နယ် သတင်း ထွေတလာ

ကွင်းဆင်းစစ်ဆေး

တောင်ကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ထားရှိသည့် မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးမျိုးကြည် ဖေဖော်ဝါရီ ၂၁ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးလှဖော်ဇံနှင့် လက်ထောက်အင်ဂျင်နီယာ ဦးလှကြည်တို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပင်လည်ဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ယာဉ်၊ စက်၊ ယန္တရားများ ကြံ့ခိုင်မှုအခြေအနေကို မေ ၁၀ ရက်က စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်း ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသိန်းဆွေမြင့် ရှင်းလင်းတင်ပြစဉ်။

(မြို့နယ် ပြန်/ဆက်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်၊ ကရာတေးဒိုအဖွဲ့ချုပ်နှင့် တိုက်ကွမ်ဒိုအဖွဲ့ချုပ်တို့မှ လက်ရွေးစင် အားကစားမောင်မယ်များ၏ လက်ရည်စမ်း ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် လေ့ကျင့်လျက်ရှိသည့် အားကစားသမားများအား ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း တွေ့ဆုံမှာကြား

နေပြည်တော် ဇွန် ၆

မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ပျဉ်းမနားရှိ ပေါင်းလောင်းအားကစားခန်းမသို့ ရောက်ရှိကာ (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်၊ ကရာတေးဒိုအဖွဲ့ချုပ်နှင့် တိုက်ကွမ်ဒိုအဖွဲ့ချုပ်တို့မှ လက်ရွေးစင် အားကစားမောင်မယ်များ၏ လက်ရည်စမ်း ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးသည်။ *စာမျက်နှာ ၉ ကော်လံ ၁* ❍

ပြည်သူများအပြုံးပန်းပွင့်လန်းစေသည့် ရုပ်သံထပ်ဆင့်လွှင့်စက်ရုံများ

မောင်မောင်မြင့်ဆွေ - ရေးသားသည်

နေပြည်တော် ဇွန် ၆

"ကျောက်ဖြူမှာ ရုပ်မြင်သံကြားအစီအစဉ်တွေ ကြည့်ရတာ ကောင်းလိုက်တာကွာ။"

ကျောက်ဖြူမြို့မှ အလည်ရောက်နေသော ဦးလေးဖြစ်သူက ပြောကြားလိုက်သဖြင့် အံ့သြသွားသည်။ ယခင်က ကျောက်ဖြူမြို့၌ ရုပ်မြင်သံကြား အစီအစဉ်များ ကောင်းမွန်စွာ ကြည့်ရှုမရရှိခဲ့သည်ကို သိထားခဲ့သည်။ ယခုအချိန်၌ ရခိုင်ပြည်နယ်ရှိ ရမ်းဗြဲ၊ ကျောက်ဖြူ၊ မာန်အောင်၊ လမူးနှင့် မအီမြို့နယ်များနှင့် အနီးဝန်းကျင်ဒေသများတွင် ရုပ်မြင်သံကြားအစီအစဉ်များကို ဒေသခံများစိတ်တိုင်းကျ ကြည့်ရှုခွင့်ရရှိခဲ့ကြပြီ။

ဖမ်းယူကြည့်ရှုနိုင်

နေ့စဉ် လူမှုဘဝမျိုးစုံ ကြုံတွေ့ဖြတ်သန်းနေရသော ပြည်သူများအနေဖြင့် ဖျော်ဖြေရေး၊ ပညာပေးရေးနှင့် ပြန်ကြားရေးအစီအစဉ်များ ကြည့်ရှုရန်လိုအပ်ပေသည်။ ထို့ကြောင့် နိုင်ငံတစ်ဝန်းဒေသအသီးသီးမှ ပြည်သူများ ရုပ်မြင်သံကြားအစီအစဉ်များကို အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ရန် ဆောင်ရွက်ပေးခဲ့ရာ *စာမျက်နှာ ၆ ကော်လံ ၁* ●

အနောက်တောင်မုတ်သုံလေဝင်ရောက်

နေပြည်တော် ဇွန် ၆

လွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင် မုတ်သုံလေသည် မြန်မာနိုင်ငံမြောက်ပိုင်း (တစ်ပြည်လုံး)သို့ ဝင်ရောက်ခဲ့ပြီးဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)